စိတ်ကူးချိုချိုအနုပညာ

အငှားမတန်းကျောင်းသားများ၏

# လက်တွေ့လေ့ကျင့် စာစီစာကုံးများ

ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ)

တည်းဖြတ်စုစည်းသည်။



mgyoe.com

စာစီစာကုံးတစ်ပုဒ်ကို လက်တွေ့လေ့ကျင့်ဖို့
သူတို့ဘယ်လိုရေးသလဲဆိုတာ လေ့လာနည်းမှီးပြီး
ကိုယ်တိုင် အားထုတ်ရေးကြည့်ရတဲ့
အရသာရယူဖို့ နှင့်
အတန်းအလိုက် အဆင့်မီ
အောင်ပွဲဝင် စာစီစာကုံးနမူနာများ

# လက်တွေ့လေ့ကျင့် စာစီစာကုံးများ

UHT0005
2,500.00 KS

mgyoe.com

အင္ဂမတန်းကျောင်းသားများ၏လက်တွေ့လေ့ကျင့်စာစီစာကုံးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၆၈၁၂၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၃၆၀၂၁၀ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

၃၇၃

လှထွန်း၊ ဦး၊ ဆရာ (နာဂသိန်မြန်မာစာ)

အင္ဂမတန်းကျောင်းသားများ၏လက်တွေ့လေ့ကျင့်စာစီစာကုံးများ /

ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ) ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ မျက်နှာ၊ ၁၃ ・ ၂ စင်တီ× ၂၀ ・ ၅ စင်တီ

(၁)အင္ဂမတန်းကျောင်းသားများ၏လက်တွေ့လေ့ကျင့်စာစီစာကုံးများ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | စီစဉ်စုစည်းတည်းဖြတ်သူ၏အမှာ | ဃ |
| ၁။ ဆုရတိမိုးခင် T.T.C | (၁) အမိကျေးဇူး | ၁ |
| | (၂) ပျင်းရိခြင်း၏ဆိုးကျိုးများ | ၇ |
| | (၃) ပညာသည် ဘ၀ရေ့ဆောင် | ၁၀ |
| | (၄) လူငယ်နှင့်စည်းကမ်း | ၁၄ |
| ၂။ ဆုသီရိထွန်း T.T.C | (၅) ပညာသည်ဘ၀ရှေ့ဆောင် | ၁၈ |
| ၃။ ကျော်စိုးဟန် T.T.C | (၆) ဘုရားပူးခရီးတစ်ခေါက် | ၂၈ |
| ၄။ ငွန်သီရိထွန်း T.T.C | (၇) လှပသာယာပြည်မြန်မာ | ၃၂ |
| | (၈) ရိုင်းပင်းကူညီလိုစိတ် | ၃၇ |
| | (၉) နူတ်ချိုသျိုတစ်ပါး | ၄၀ |
| | (၁၀) ကျွန်ုပ်နှစ်သက်သောဂျာနယ်တစ်စောင် | ၄၆ |
| ၅။ သင့်မြတ်စိုး T.T.C | (၁၁) လပြည့်ညတစ်ည | ၅၀ |
| | (၁၂) ဆရာ့ကျေးဇူး | ၅၅ |
| | (၁၃) လေ့လာရေးခရီးတစ်ခေါက် | ၅၉ |
| ၆။ မင်းစစ်ကောင်း T.T.C | (၁၄) လုံ့လ | ၆၃ |


mgyoe.com

mgyoe.com


| | | | | |
|---|---|---|---|---|
| ၇။ | မြတ်ဆုဦး T.T.C | (၁၅) | စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက် | ၆၈ |
| | | (၁၆) | ကျွန်ုပ်ချစ်ခင်လေးစားရသော ဆွေမျိုးတစ်ဦး | ၇၂ |
| | | (၁၇) | ကျွန်ုပ်ချစ်သော ကလေးတစ်ဦး | ၇၆ |
| ၈။ | အောင်စွမ်းပြည့် T.T.C | (၁၈) | ကျွန်ုပ်အထူးစိတ်ဝင်စားသောဘာသာရပ် | ၈၀ |
| ၉။ | မောင်ဇင်ရဲ | (၁၉) | လုပ်သားယာပြည်မြန်မာ | ၈၄ |
| | | (၂၀) | ပညာသည်ဘဝရွှေဆောင် | ၈၉ |
| ၁၀။ | အောင်ဆင့်မြတ် | (၂၁) | နှုတ်ချိုသျှိုတစ်ပါး | ၉၄ |
| ၁၁။ | စုဇင်အောင် | (၂၂) | အကျွန့်မေမေ | ၉၈ |
| ၁၂။ | ရွှေရည်ပူးအိ | (၂၃) | ကျွန်ုပ်၏သူငယ်ချင်း | ၁၀၁ |
| | | (၂၄) | လူငယ်နှင့်စည်းကမ်း | ၁၀၅ |
| ၁၃။ | ခင်ဆုမွန် | (၂၅) | ကျောင်းဖွင့်စနေ့ အတွေ့အကြုံ | ၁၀၇ |
| ၁၄။ | ပြေဘုန်းသက် | (၂၆) | ညီညွတ်ခြင်းသည်အင်အား | ၁၁၀ |
| | | (၂၇) | ဆရာနှင့်ဘပည့် | ၁၁၂ |
| ၁၅။ | အိသဉ္ဇာကျော် | (၂၈) | ခါဝသန် | ၁၁၆ |
| ၁၆။ | ခင်ရတနာသွယ် | (၂၉) | ဆရာနှင့်တပည့် | ၁၂၀ |
| ၁၇။ | ခင်ပန်းပန်းသော် | (၃၀) | စိတ်ဝင်စားဖွယ်ခရီးတစ်ခေါက် | ၁၂၄ |
| | | (၃၁) | မမေ့နိုင်သော ညတစ်ည | ၁၂၉ |
| ၁၈။ | အိသဉ္ဇာမော် | (၃၂) | လုံ့လ | ၁၃၃ |
| | | (၃၃) | ကျွန်ုပ်နှစ်သက်သော ဝတ္ထုတစ်ပုဒ် | ၁၃၇ |
| ၁၉။ | မောင်မင်းစစ်ကောင်း | (၃၄) | ဈေးမြင်ကွင်း | ၁၄၃ |
| ၂၀။ | လင်းသိင်္ဂီဝင်း | (၃၅) | စိတ်ဝင်စားဖွယ် ခရီးတစ်ခေါက် | ၁၄၇ |
| | | (၃၆) | ရဲစွမ်းသတ္တိ | ၁၅၃ |
| ၂၁။ | နေခြည်စိုး | (၃၇) | ဆယ့်နှစ်လရာသီပွဲတော်များ | ၁၅၇ |
| | | (၃၈) | ကျွန်ုပ်အထူးစိတ်ဝင်စားသောဘာသာရပ် | ၁၆၀ |
| ၂၂။ | ဖြိုးမောင်မောင် | (၃၉) | မိတ်ဆွေစစ် | ၁၆၄ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၂၃။ | ဟိန်းထက်အောင် | (၄၀) ကျွန်ုပ်နှစ်သက်သောအားကစားတစ်ခု | ၁၆၈ |
| ၂၄။ | ယွန်းရွှေစင် | (၄၁) ပညာဟူသည် ဘဝရေ့ဆောင် | ၁၇၂ |
| ၂၅။ | သက်နိုင်ဝင်း | (၄၂) သတိတရား | ၁၇၇ |
| | | (၄၃) လူငယ်နှင့်စည်းကမ်း | ၁၈၀ |
| ၂၆။ | ဖူးသန့်စင် | (၄၄) လေ့လာရေးခရီးတစ်ခေါက် | ၁၈၃ |
| | | (၄၅) ကျွန်ုပ်အထူးစိတ်ဝင်စားသောဘာသာရပ် | ၁၈၉ |
| | | (၄၆) ကျွန်ုပ်နှစ်သက်သောဝတ္ထုတစ်ပုဒ် | ၁၉၄ |
| | | (၄၇) ဈေးမြင်ကွင်း | ၁၉၉ |
| ၂၇။ | သီရိစန္ဒာမောင် | (၄၈) ကျွန်ုပ်ချစ်သောကလေးတစ်ဦး | ၂၀၃ |
| | | (၄၉) လူငယ်နှင့်စည်းကမ်း | ၂၀၈ |
| | | (၅၀) ကိုယ်ကျင့်တရား | ၂၁၃ |
| ၂၈။ | အိမြတ်နိုးဦး | (၅၁) အကျွန်ုပ်ဖေဖေ | ၂၁၈ |
| | | (၅၂) ဆရာနှင့်တပည့် | ၂၂၃ |
| | | (၅၃) ကျွန်ုပ်နှစ်သက်သောဂျာနယ်တစ်စောင် | ၂၂၈ |
| | | (၅၄) သတိတရား | ၂၃၃ |
| ၂၉။ | ထားစုမြင့်မိုရ် | (၅၅) စာစီစာကုံးသင်တန်းတက်ရခြင်းအကျိုး | ၂၃၉ |
| | | (၅၆) နှုတ်ချိုသူ့ကျိုးတစ်ပါး | ၂၄၂ |
| | | (၅၇) မိတ်ဆွေစစ် | ၂၄၅ |
| ၃၀။ | ဆုမြတ်သီရိ | (၅၈) ဘုရားဖူးခရီးတစ်ခေါက် | ၂၄၉ |
| | | (၅၉) မိုးရွာသောနေ့တစ်နေ့ | ၂၅၄ |
| | | (၆၀) ဆရာ့ကျေးဇူး | ၂၅၇ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကျောင်းသူကျောင်းသားများ
## စာစီစာကုံးကို ဖတ်ရှုလေ့လာနည်းယူနည်း
## အမှာစာ

(၁) – စာစီစာကုံးကို ရေးနည်းအရ (၄)မျိုးခွဲခြားထားပါသည်။ ယင်းတို့မှာ– ၁–သရုပ်ဖော်ရေးနည်း စာစီစာကုံး၊ ၂–ဖြစ်စဉ်ပြ စာစီစာကုံး၊ ၃–ဖွင့်ဆိုရှင်းပြ စာစီစာကုံး၊ ၄–ကျိုးကြောင်းပြ စာစီစာကုံးတို့ဖြစ်ပါသည်။

(၂) – ရေးနည်းအရ စာစီစာကုံး အမျိုးအစား (၄) မျိုးကွဲပြားနေသည်နှင့်အမျှ စာစီစာကုံးရေးနည်း သဘောတစ်ခုနှင့်တစ်ခု မတူကြပါ။ ယင်းသို့ စာစီစာကုံး အမျိုးအစားအလိုက် ရေးနည်းကွဲပြားသောသဘောကို ခွဲခြားသိမြင်ရန် လိုအပ်ပါသည်။ ဤသို့ခွဲခြားသိမြင်နိုင်ရန်အတွက် ရေးနည်းအလိုက် ဖတ်ရှုလေ့လာနည်းယူနည်းများကို ဖော်ပြသွားပါမည်။

(၃) – သရုပ်ဖော်ရေးနည်းကို လေ့လာသောရှုထောင့် –

သရုပ်ဖော်ရေးနည်းဟူသည် အရာဝတ္ထုတို့၏ ပုံပန်းသဏ္ဌာန်၊ အရောင်အဆင်း အသံရှိသည်တို့ကို စာဖတ်သူ၏စိတ်မျက်စိတွင် မြင်ယောင်လာအောင် စိတ် နားတွင် ကြားယောင်လာအောင် အသေးစိတ်သရုပ်ဖော် ရေးသားရသောနည်းဖြစ်သည်။ အဆင်း၊ အသံသာမက အနံ့၊ အရသာ၊ အထိအတွေ့တို့ကိုလည်း စာဖတ်သူ အနံ့ရလာအောင်၊ အရသာရှိလာအောင် အထိအတွေ့ အကြမ်းအနုကို ခံစားရလာအောင် သရုပ်ဖော်ရေးဖွဲ့နိုင်ပါသည်။

mgyoe.com

mgyoe.com



ကျောင်းသူကျောင်းသားတို့ ရေးသားထားသော သရုပ်ဖော်စာစီစာကုံးများကို ဖတ်ရှုလေ့လာရာတွင် သရုပ်ဖော်ပုံဖော်နည်းတွင် (၁) နာမ်ကို ကွင်းကွင်းကွက်ကွက် ဖော်နိုင်သော နာမဝိသေသနအသုံး၊ (၂) ကြိယာကို ကွင်းကွင်းကွက်ကွက် ဖော်နိုင်သော ကြိယာအသုံး၊ (၃) သရုပ်ဖော်သည့် အကြောင်းအရာနှင့် လိုက်ဖက်သော တန်ဆာဆင်၍ ရေးဖွဲ့ခြင်းဟူသည့် အလင်္ကာအသုံး၊ (၄) သရုပ်ဖော်သည့် အကြောင်းအရာနှင့် ပတ်သက်၍ စာရေးသူ၏ထင်မြင်ချက်၊ ဝေဖန်ချက်၊ ခံစားချက် စသည့် အသုံးအနှုန်းတို့ကို ဖော်ထုတ်ကြည့်ရပါမည်။ ဤသို့ ပိုင်းခြားလေ့လာကြည့်လျှင် သရုပ်ဖော်ပုံနည်းနှင့် ပတ်သက်သော လိုက်ဖက်သည့် အရေးအသားရေးပုံရေးနည်းကို သိမြင်နိုင်ပါသည်။

(၄) – ဖြစ်စဉ်ပြရေးနည်းကို လေ့လာသောရှုထောင့်

ဖြစ်စဉ်ပြရေးနည်းဟူသည် အကြောင်းအရာ အဖြစ်အပျက်တစ်ခုခု (သို့မဟုတ်) ဓာတ်လမ်းတစ်ခုခုကို အဖြစ်အပျက် တိုးတက်ဖြစ်ထွန်းမှု အစဉ်အတိုင်း (ဝါ)အချိန်ကာလစဉ်အတိုင်း အစဉ်အပျက် ကွင်းဆက်မိအောင် ရေးသားရသော နည်းဖြစ်သည်။

အဖြစ်အပျက်ဆိုရာ၌ နာရီပိုင်းအတွင်း ဖြစ်ပျက်သော အဖြစ်အပျက်၊ တစ်နေ့တာအဖြစ်အပျက်၊ တစ်လတာအဖြစ်အပျက်၊ တစ်နှစ်တာအဖြစ်အပျက်၊ တစ်ဘဝတာအဖြစ်အပျက် စသည်ဖြင့် အချိန်ကာလ အတိုအရှည် အမျိုးမျိုးကွဲပြားနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ထိုအဖြစ်အပျက်ကို အစမှအဆုံးတိုင် အချိတ်အဆက် မိမိရေးသားဖော်ပြနိုင်လျှင် ဖြစ်စဉ်ပြစာစီစာကုံးတစ်ပုဒ် ပြီးမြောက်မည်ဖြစ်ပါသည်။

ဖြစ်စဉ်ပြစာစီစာကုံးသည် သရုပ်ဖော်စာစီစာကုံးကဲ့သို့ သက်ရှိသက်မဲ့တို့၏ ပုံပန်းသွင်ပြင်ကို ရေးဖွဲ့ရသည်ပင်ဖြစ်သည်။ သို့သော် ၎င်းတို့ကို မြင်ယောင်လာအောင် ဖော်ပြရန်ထက် ၎င်းတို့ဖြစ်ပျက် ရွေ့လျားနေပုံကို ဖော်ပြရန်ကပို၍ အဓိကကျသည်။

ဖြစ်စဉ်ပြစာစီစာကုံးကို လေ့လာရာတွင် (၁)ရုပ်အမူအရာတို့၏ ရွေ့လျားပြောင်းလဲမှု၏ အစဉ်ကိုသိသာအောင် ရေးနိုင်မရေးနိုင်၊ (၂) ဖြစ်စဉ်ပြရေးနည်းတွင် ကာလစဉ်ကျမှုနှင့် ယုတ္တိတန်မှုသည် အရေးပါလှသည်။ ကာလစဉ်ကျမှု ဆိုသည်မှာ ဖြစ်ပျက်သော အချိန်ကာလတို့သည် အစီအစဉ်ကျကျ ရှိမရှိ။ ယုတ္တိတန်မှုဆိုသည်မှာ မည်သည့်ကာလစဉ်မျိုးတွင် ဖြစ်ပျက်သည်ဖြစ်စေ ထိုအဖြစ်အပျက်

mgyoe.com

mgyoe.com

တို့သည် တစ်ခုနှင့်တစ်ခု ကျိုးကြောင်းဆက်စပ်မှုရှိမရှိ၊ (၃) ကာလစဉ် စည်းရုံးမှုဆိုသည်မှာ အဖြစ်အပျက်တို့သည် မည်သည့်ကာလစဉ်မျိုးတွင် ဖြစ်ပျက်သည်ဖြစ်စေ ထိုအဖြစ်အပျက်တို့သည် နောက်ဆုံးကာလ၌ ဆုံစည်းမိခြင်းရှိမရှိဟူသော ပေတံတို့ဖြင့် တိုင်းတာ လေ့လာနည်းယူရပါမည်။

(၅) – ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးနည်းကို လေ့လာသောရှုထောင့်

ဖွင့်ဆိုရှင်းပြ စာစီစာကုံးဟူသည် အကြောင်းအရာတစ်ရပ်ရပ်ကို စာဖတ်သူတို့နားလည်သိရှိအောင် (သို့မဟုတ်) လိုက်နာဆောင်ရွက်တတ်အောင် အသေးစိတ်အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်း ရေးသားရသော နည်းဖြစ်သည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးနည်းကို လေ့လာရာတွင် (၁) နိဒါန်းစာပိုဒ်သည် စာစီစာကုံးခေါင်းစဉ်ကို အကျဉ်းချုပ် ရှင်းလင်းဖွင့်ဆိုခြင်း ရှိမရှိ၊ (၂) ခေါင်းစဉ်အကြောင်း လမ်းခင်းမိတ်ဆက်ပေးသော သဘောရှိမရှိ၊ (၃) စာဖတ်သူက နိဒါန်းဖတ်လိုက်ရုံနှင့် စိတ်ဝင်စားပြီး ဆက်ဖတ်ချင်အောင် ရေးနိုင်စွမ်းရှိမရှိ ကြည့်ရပါမည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံး စာကိုယ်ပိုင်းကို လေ့လာရာတွင် (၁) ခေါင်းစဉ်နှင့် ပတ်သက်၍ အသေးစိတ် အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းခြင်း၊ (၂) ခေါင်းစဉ်နှင့်ပတ်သက်၍ တူရာတူရာကို နှိုင်းယှဉ်ပြခြင်း၊ မတူရာ မတူရာကို ဆန့်ကျင်နှိုင်းယှဉ်ပြနိုင်ခြင်းရှိမရှိ၊ (၃) ခေါင်းစဉ်နှင့်ပတ်သက်၍ သာဓကများဆောင်ပြနိုင်ခြင်း ရှိမရှိ၊ (၄) ခေါင်းစဉ်နှင့်ပတ်သက်၍ အမျိုးအစားခွဲခြား ဖော်ပြနိုင်ခြင်း ရှိမရှိ၊ (၅) ခေါင်းစဉ်နှင့်ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်တို့ကို ကိုးကားဖော်ပြနိုင်ခြင်း ရှိမရှိ၊ (၆) ခေါင်းစဉ်နှင့်ပတ်သက်၍ ကိုယ်တွေ့အတွေ့အကြုံများ ထည့်သွင်းရေးသားနိုင်ခြင်းရှိမရှိဟူသော ရှုထောင့်တို့ဖြင့် လေ့လာကြည့်ရှုရပါမည်။

ဖွင့်ဆိုရှင်းပြ စာစီစာကုံး နိဂုံးချုပ်ရာတွင် (၁)နိဒါန်းတွင် ဖွင့်ခဲ့သော ဝါကျဖြင့် ထိုဝါကျကို နိဂုံးတွင် ပြန်လည်ဖော်ပြနိဂုံးချုပ်ခြင်း၊ (၂)ခေါင်းစဉ်နှင့် ပတ်သက်သော ကဗျာလေးတစ်ပုဒ်၊ သီချင်းကလေးတစ်ပုဒ်ဖြင့် နိဂုံးချုပ်ခြင်း၊ (၃) စာကိုယ်တွင် ဖော်ပြခဲ့သော အချက်များကို အကျဉ်းချုပ် ပြန်လည်စုစည်းဖော်ပြ၍ နိဂုံးချုပ်ခြင်း၊ (၄) ခေါင်းစဉ်နှင့်ပတ်သက်သော ပညာရှင်တို့၏ အဆိုအမိန့်တစ်ခုခုကို ကိုးကားဖော်ပြ၍ နိဂုံးချုပ်ခြင်း၊ (၅)ခေါင်းစဉ်နှင့်ပတ်သက်၍ မိမိ၏ထင်မြင်ချက်၊ ခံစားချက်၊ သင်ခန်းစာတိုက်တွန်းချက်တစ်ခုခုကို ဖော်ပြ၍ နိဂုံးချုပ်ခြင်းတို့နှင့် ကိုက်ညီခြင်းရှိမရှိ လေ့လာရပါမည်။

mgyoe.com

mgyoe.com



(၆) – ကျိုးကြောင်းပြ စာစီစာကုံး၊ ရေးနည်းကို လေ့လာသောရှုထောင့်။

ကျိုးကြောင်းပြစာစီစာကုံး ဟူသည့်အကြောင်းအရာ တစ်ရပ်ရပ် (သို့ မဟုတ်) အဆိုတစ်ခုခုကို စာဖတ်သူတို့ နားဝင်လက်ခံအောင် ဤအကြောင်းကြောင့် ဤသို့ အကျိုးဖြစ်ရသည်ဟု အကြောင်းအကျိုးဆက်စပ်၍ ဆွဲဆောင်ရေးသား ရသောနည်း ဖြစ်သည်။

ကျိုးကြောင်းပြသည် ဖွင့်ဆိုရှင်းပြထက် တစ်ဆင့်တက်သည့် သဘောရှိ သည်။ ဖွင့်ဆိုရှင်းပြတွင် စာဖတ်သူ သဘောပေါက်နားလည်သွားအောင် ရှင်းလင်း ဖွင့်ဆိုသည့် အဆင့်မှာ ရပ်သည်။ ကျိုးကြောင်းပြတွင်မူ သဘောပေါက်နားလည်ရုံ သာမက ယုံကြည်လက်ခံဖွယ်ဖြစ်အောင် အကျိုးအကြောင်း ဆက်စပ်ပြရသော သဘောရှိသည်။ စာဖတ်သူ ယုံကြည်လက်ခံနိုင်စေရန်အတွက် အကျိုးအကြောင်း သင့်မှု၊ ယုတ္တိတန်မှုရှိရန် အရေးကြီးသည်။

ကျိုးကြောင်းပြရာတွင် (၁) သီးခြားသဘောနှင့် ဆိုင်သောအချက်အလက် တို့ကို အသေးစိတ်စိစစ်၍ ယေဘုယျသဘောကို ခြုံ၍စီစဉ်ကာ ကျိုးကြောင်းပြခြင်း၊ (၂) ယေဘုယျသဘောကိုအခြေခံ၍ သီးခြားပုဂ္ဂလိကသဘော ဖြစ်ခြေကို ဆင်ခြေ၍ ကျိုးကြောင်းပြခြင်း၊ (၃) အမျိုးကွဲသောအရာနှစ်ခုမှ ဆင်တူသောအချက် အချင်း ချင်းကို နှိုင်းယှဉ်ပြ၍ အကျိုးသင့်အကြောင်းသင့် တင်ပြပြီး မိမိလိုရာသို့ပါအောင် ဆွဲဆောင်ရေးသားခြင်း၊ (၄) ခိုင်လုံသောအကျိုးအကြောင်း အထောက်အထား၊ သာဓကများပြ၍ အကြောင်းသင့်အကျိုးသင့် တင်ပြခြင်း၊ (၅) အကြောင်းဆိုသော အကြောင်းတရားကြောင့် ထိုသို့သောအကျိုးတရားများ ဖြစ်ပေါ်လာရသည်ဟု စာဖတ်သူလက်ခံရလောက်အောင် အကြောင်းသင့်အကျိုးသင့် တင်ပြခြင်း ဟူသော သဘောတို့ဖြင့် လေ့လာစိစစ်ရာသည်။

ဤသို့လျှင် စာစီစာကုံး အမျိုးအစားအလိုက် အခြေခံရမည့် ဖတ်ရှုလေ့လာ နည်းယူနည်းကို အသုံးပြုတတ်လျှင် အမောင်ကျောင်းသားကျောင်းသူတို့ ကိုယ် တိုင် စာစီစာကုံးအရေးအသား တိုးတက်လာမည် ဖြစ်ပါသည်။

**စာစီစာကုံးအရေးအသား တိုးတက်ထွန်းကားပါစေ။**

ဆရာဦးလှထွန်း (နာဂသိန် မြန်မာစာ)

တွဲဖက်ပါမောက္ခ (ငြိမ်း)

❖

mgyoe.com

mgyoe.com

# အမိကျေးဇူး

- လူသားတိုင်းအတွက် မိခင်ကျေးဇူးကြီးမားပုံ
- ကိုယ်ဝန်ဆောင်ထားစဉ်ကပင် သားသမီးအပေါ် မေတ္တာထားပုံ
- မွေးဖွားပြီးနောက် ချစ်မြတ်နိုးစွာ ပြုစုစောင့်ရှောက်ပုံ
- သားသမီးအတွက် အနစ်နာခံပုံ
- လက်ဦးဆရာဖြစ်ပုံ
- အမိကျေးဇူးအကြောင်း စာတွေ့၊ ကိုယ်တွေ့သာဓကများ
- အဆိုအမိန့်များ
- အမိကျေးဇူးကို အလေးအနက်နှလုံးသွင်းအပ်ပုံ

mgyoe.com

m.gyoe.com

# အမိကျေးဇူး

ဆုရတီမိုးခင်

ကျွန်ုပ်တို့အားလုံး ဤကမ္ဘာတွင် လူအဖြစ်အသက်ရှင်ရပ်တည်နေနိုင်ကြသည်မှာ မိခင်၏ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ မိခင်၏ကျေးဇူးသည် နက်ရှိုင်းသော ပင်လယ်သမုဒ္ဒရာကြီးထက်ပင်၊ ကျယ်ဝန်းလှသော စကြဝဠာကြီးထက်ပင် ပိုမိုကျယ်ဝန်းလှပါသည်။ ထို့ကြောင့် "မြင်းမိုရ်တောင်ဦးမကကျူးသည့် ကျေးဇူးကြီးလှ မိနှင့်ဖ"ဟု ဆိုသည့်အတိုင်း မိခင်၏ကျေးဇူးသည် တုနှိုင်း၍မရ၊ အစဉ်ဆပ်၍မကုန်ပေ။ ထိုမျှမကသေး ကလေးဘဝမှစတင်၍ လူလားမြောက်သည့်အချိန်အထိ မိခင်မေတ္တာဖြင့် သားသမီးများကို အရိပ်တကြည့်ကြည့် စောင့်ကြည့်ပြုစုခဲ့သည့် မိခင်၏ကျေးဇူးသည် ပြောပြ၍မလောက်နိုင်ပင် ရှိနေပါတော့သည်။

မိခင်သည် သားသမီးများအပေါ်တွင် မည်မျှမေတ္တာထားပုံ၊ ကျေးဇူးကြီးပုံတို့ကို ကိုယ်ဝန်ဆောင်ထားစဉ်ကပင် သိရှိနိုင်ပါသည်။ မိခင်တိုင်းသည် မိမိ၏ဝမ်းကြာတိုက်အတွင်း၌ရှိနေသော ရင်သွေးလေးကို မမြင်ခင်ကပင် ချစ်ခင်ယုယကြသည်။ အစားအသောက် အသွားအလာမှစ၍ အစစအရာရာ ဆင်ခြင်ကြရသည်။ စားချင်တိုင်းမစားရ၊ သွားချင်တိုင်းမသွားရ ပင်ပန်းကြီးစွာဖြင့် ပြုစုစောင့်ရှောက်ခဲ့ပါသည်။

ကိုယ်ဝန်ဆောင်ထားစဉ်တွင် မိခင်၏အသက်အန္တရာယ်သည် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။ သို့သော် မိခင်များသည် မိမိတို့ရင်သွေးလေးကို အသက်နှင့်ရင်းကာ မွေးဖွားကြသည်။ ကိုယ့်ရင်သွေးလေး လူ့ဘဝကြီးထဲသို့ "အူဝဲ"ဟုတစ်ချက်အော်ပြီး ရောက်လာစတွင် မိခင်သည် မိမိ၏နာကျင်မှုများကိုပင် သတိမရတော့။

mgyoe.com

mgyoe.com

ရင်သွေးလေးကို ရင်ဝယ်ပိုက်ကာ ဝမ်းသာပီတိဖြစ်ခြင်းက မည်သည့်အရာနှင့် မလဲနိုင်အောင်ပင် ရှိပါသည်။

မွေးဖွားပြီးနောက် ကလေးဘဝတွင်လည်း မိခင်၏မေတ္တာဖြင့် ချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ကြသည်။ သားသမီးတို့ကို ပိုးမွေးသကဲ့သို့ ဂရုတစိုက်အစဉ် စောင့်ရှောက်ခဲ့ပေသည်။ သားသမီးတို့ စိတ်ဆင်းရဲမှုဟူသည် မရှိရအောင်၊ အနာရောဂါမရစေရအောင် အစဉ်အနီးကပ်ပြုစုယုယခဲ့ပေသည်။ မည်သူနှင့်မျှလည်း စိတ်မချ၊ မိမိကိုယ်တိုင်ပါမှဟူသည့် စိုးရိမ်စိတ်ဖြင့် မျက်စိအောက်က အပျောက်မခံခဲ့ပေ။

ဤသို့ဖြင့် ကျောင်းနေရွယ်ရောက်လာပြန်လျှင်လည်း အကောင်းဆုံးကျောင်း၊ အကောင်းဆုံးဆရာထံ အပ်နှံကာ ပညာရေးကို တတ်အားသမျှ ထောက်ပံ့ပေးကြသည်။ စားဝတ်နေရေး၊ ကျန်းမာရေးအပြင် ပညာရေးအပူသောကပါ တိုး၍ မိခင်ခေါင်းထဲသို့ ရောက်လာပြန်ပါတော့သည်။ သားသမီးများတွင် ကျောင်းတွင် ရန်ဖြစ်မည်၊ ကျောင်းဝင်းအပြင်ထွက်လျှင် အန္တရာယ်ရှိနိုင်သည် စသည်ဖြင့် အစဉ်ပူပန်နေရပါသည်။

ကျောင်းဆင်းချိန် သားသမီးများမျက်နှာကို လူကြားထဲတွင် အပြေးအလေးရှာရသည်မှာလည်း အမောပင်။ သားသမီးများကို မြင်လိုက်ပြီဆိုမှ အမောပြေသွားကြရှာသည်။ ကျောင်းကားစောင့်ရသည့် မိခင်များကမူ အိမ်ရှေ့ထွက်၍ လည်ပင်းရှည်အောင် စောင့်နေကြလေ့ရှိပါသည်။ ကျောင်းကားပုံမှန်ရောက်သည်ထက် ငါးမိနစ်မျှနောက်ကျလျှင်ပင် စိုးရိမ်စိတ်က မိုးထိအောင် မြင့်တက်လာပါသည်။

မိခင်တို့သည် မမွေးဖွားမီအချိန်မှစ၍ လူလားမြောက်သည့်တိုင်အောင် သားသမီးအပေါ် အနစ်နာခံကြသည်။ မိမိသည် အပူအစပ်ကို လွန်စွာကြိုက်သူဖြစ်ပါလျက် ဝမ်းတွင်း လွယ်ထားသော ရင်သွေးလေးကို သတိရလိုက်သည်နှင့် အပူအစပ်ကို မျက်စောင်းပင်မထိုးတော့။ မိုးလင်းပေါက်ပွဲ ကြည့်ချင်ပါလျက် ရင်သွေးလေးကြောင့် ပွဲဘက်ခြေဦးတောင်မလှည့်တော့။ ဤသည်ကိုကြည့်ခြင်းဖြင့် မိခင်သည် သားသမီးအပေါ် မည်မျှအနစ်နာခံသည်ကို သိရှိနိုင်ပါသည်။

ထို့အပြင် လူတိုင်း၏လက်ဦးဆရာမှာ မိခင်ဖြစ်ပါသည်။ "လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယမိနှင့်ဖ"ဟုဆိုသည့်အတိုင်း လူသားတိုင်း၏ ပထမဆုံးသော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာမှာ မိခင်ဖြစ်ပါသည်။ ငယ်စဉ်ကလေးဘဝမှစ၍ အစစအရာရာ ယဉ်ကျေးသိမ်မွေ့စေရန်၊ လိမ္မာရေးခြားရှိစေရန် သွန်သင်ဆုံးမ နည်းလမ်းပြခဲ့ပါသည်။

mgyoe.com

mgyoe.com


သားသမီးများဆိုးသွမ်း၍ လမ်းမှားရောက်သွားမည်ကိုလည်း မိခင်တိုင်း စိုးရိမ်ပူပန်တတ်ကြပါသည်။ အညွန့်ကျိုး၍ လူ့ဘဝတွင် သူတစ်ပါးတံတွေးခွက်ထဲ ပက်လက်မမျောရလေအောင် အစဉ်လမ်းညွှန်ပြသ တည့်မတ်ပေးခဲ့ပါသည်။ ဤသည်ကို နားမလည်သောအချို့က မိမိကို အရာရာချုပ်ချယ်သည်ဟုဆိုကာ လွတ်လပ်ခြင်းကိုတောင့်တပြီး မိခင်ရင်ဝခြေစုံကန်ကာ အပြင်လောကသို့ ထွက်ခွာသွားကြပါသည်။

သို့ရာတွင် အပြင်လောကသည် မိခင်ရင်ခွင်၊ မိခင်အရိပ်လောက် မည်မျှ လုံခြုံမည်နည်း။ ထို့ကြောင့် ဒုက္ခရောက်ချိန်တွင် မိခင်ရင်ခွင်သို့ ပြန်လည်ခိုလှုံကြရသည်။ ထိုအခါတွင် မိခင်သည် ဒေါသထွက်ခြင်းအလျှင်းမရှိ၊ အမှားများအားလုံး ခွင့်လွှတ်ကာ မေတ္တာဖြင့် ပြန်လည်ကြိုဆိုသည်ချည်းသာ ဖြစ်ပါသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် မိခင်၏ကျေးဇူးတရားသည် အလွန်ကြီးမားလှပါသည်။

အမိကျေးဇူးနှင့်ပတ်သက်၍ သာဓကများစွာ ကြားဖူးပါသည်။ မြို့တစ်မြို့တွင် မအေး ဆိုသော အမျိုးသမီးလေးတစ်ဦးသည် အဝတ်လျှော်သည့် ဒေါ်နှင်းမိုး ဆိုသည့် မုဆိုးမကြီးနှင့်အတူ နေထိုင်ပါသည်။ ထို မအေးသည် တက္ကသိုလ်ဝင်တန်း ဖြေဆိုထားရာ ဂုဏ်ထူးငါးဘာသာဖြင့် အောင်ပါသည်။ ထို့ကြောင့် ကျောင်းမှ ဆုပေးပွဲတွင် မအေး တက်ရောက်ရမည်ဖြစ်ပါသည်။ မအေးသည် အပျိုအရွယ် လှပချင်စိတ်ကြောင့် မိမိအားအင်္ကျီသစ်လုံချည်သစ်တစ်စုံ ဝယ်ပေးပါမည့်အကြောင်း မိခင်ကြီးအား ပူဆာလေသည်။

ထိုအခါ မိခင်ကြီးက သမီး၏အလိုကို ပြည့်စေချင်သောဇောဖြင့် အလုပ်ကို နေပူမရှောင်၊ မိုးရွာမရှောင်လုပ်ကာ ပိုက်ဆံစုပါတော့သည်။ ဇောဖြင့်လုပ်သောကြောင့် ဆုပေးပွဲမကျင်းပမီ ၃ရက်အလိုတွင် အိပ်ယာရုပ်ပြီး ဖျားပါတော့သည်။ ဤသည်ကို မအေး ကြားသော် လွန်စွာစိတ်မကောင်းဖြစ်ပြီး မိမိကိုပေးသော ပိုက်ဆံများကို အင်္ကျီမဝယ်၊ မိခင်အတွက် ဆေးဝယ်မည်ဟုဆိုသည်။ သို့ရာတွင် မိခင်က အင်္ကျီသာဝယ်ပါ၊ မိမိအတွက် စိတ်မပူရန် ဖျောင်းဖျပြောဆိုလေသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် သားသမီးအပေါ်ထားရှိသည့် မိခင်၏ကျေးဇူးမေတ္တာသည် အဆမတန်ကြီးမားလှပါသည်။

နိဂုံးချုပ်၍ဆိုရသော် မိခင်၏ကျေးဇူးသည် လူ့ဘဝတွင်ရှိသော သက်တမ်းနှင့်ဆပ်၍မကုန်နိုင်။ နောက် ဆယ်ဘဝဆပ်သော်လည်း မကုန်နိုင်လောက်အောင်ပင် ကြီးမားလှပါသည်။ ထိုကျေးဇူးကို ယခုဘဝတွင် တတ်စွမ်းသမျှ ဆပ်ကြရပေမည်။ မိခင်ကျေးဇူးကို မဆပ်နိုင်သည့်တိုင်အောင် ထိုကျေးဇူးကို မကန်းသင့်၊ မမေ့သင့်ဟု

mgyoe.com

ပြောကြားရင်း မိခင်ကျေးဇူးကို ထာဝစဉ်သိတတ်လိမ္မာသော သားကောင်းသမီးမွန်များ ဖြစ်လာကြစေရန် ဆုတောင်းလိုက်ပါသည်။

❖

mgyoe.com

mgyoe.com

## ပျင်းရိခြင်း၏ဆိုးကျိုးများ

- ပျင်းရိခြင်းဟူသည်
- ပျင်းရိတတ်သောစိတ်
- ပျင်းရိစိတ်ကြောင့် အချိန်ဆွဲတတ်ပုံ
- အချိန်မီမလုပ်သဖြင့် အကျိုးယုတ်ပုံ
- စာတွေ့၊ ကိုယ်တွေ့သာဓကများ
- အမှတ်တရကိုယ်တွေ့ဖြစ်ရပ်တစ်ခု
- ပျင်းရိစိတ်ကိုဖယ်ရှားသင့်ပုံ

mgyoe.com

mgyoe.com

# ပျင်းရိခြင်း၏ဆိုးကျိုးများ

ဆုရတီမိုးဇင်

ကျွန်ုပ်တို့၏ တန်ဖိုးရှိလှသော ဘဝများကို စကားလုံး သုံးလုံးတည်းနှင့် နစ်နာစေသော၊ ဖျက်ဆီးတတ်သောအရာမှာ "ပျင်းရိခြင်း" ပင်တည်း။ ပျင်းရိနေခြင်းကြောင့် အရာရာတွင် သူတစ်ပါးထက်နောက်ကျခြင်း၊ အောင်မြင်မှုမရခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ပျင်းရိခြင်းသည် အချိန်ခဏတာအတွက် သက်သာသောအရာ ဖြစ်သော်လည်း နောင်အတွက် ကြီးစွာသော နောင်တ တရားပင်ဖြစ်သည်။ တစ်စက္ကန့်၏အစိတ်အပိုင်း၌ပင် ပျင်းရိနေလျှင် တစ်သက်စာအတွက် ကြီးစွာသော နောင်တကို ရရှိပေလိမ့်မည်။ ထို့ကြောင့် လူသားတို့၏ဘဝကို ပျက်စီးစေတတ်သော ရန်စွယ်ကြီးမှာ ပျင်းရိခြင်းပင်ဖြစ်သည်။

ပျင်းရိသောစိတ်သည် လုံ့လဝီရိယကို ကင်းမဲ့လျော့နည်းစေသည်။ လုံ့လဝီရိယနည်းသွားသောအခါ ကြိုးစားအားထုတ်မှုလည်း လျော့နည်းလာသည်။ ထိုအခါ အများနှင့်ယှဉ်၍ကြည့်လျှင် အောင်မြင်မှုရရှိခြင်းမှာ နည်းပါးသည်။ ထို့ပြင် တန်ဖိုးရှိသောအချိန်တို့ကိုလည်း ပျင်းရိသောစိတ်က ဝါးမျိုပစ်လိုက်သည်။ ပျင်းရိစိတ်ကိုသိလျက်နှင့် မွေးထားလျှင် မိမိဘဝကို နစ်မွန်းအောင် ပြုခြင်းနှင့်တူပေသည်။ ပျင်းရိသောစိတ်က ကြီးစိုးသည်ထက် ကြီးစိုးလာလျှင် ထိုလူသည် အရှုံးသမားသာ ဖြစ်ပေတော့သည်။

ပျင်းရိစိတ်ရှိလာလျှင် အချိန်ကိုရသမျှဆွဲ၍နေတတ်သည်။ ပျင်းရိစိတ်ကြောင့်ရှိသောအချိန်ကို ကျန်ပါသေးသည်ဟု ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်ကာ နေတတ်ကြပါသည်။ သို့ရာတွင် လောကကြီး၏ အချိန်နာရီများက ၎င်းအားဘယ်အခါမှ

mgyoe.com

mgyoe.com


အချိန်ပိုမပေးတတ်ပေ။ နှစ်ဆယ့်လေးနာရီကိုသာ အချိန်မှန်ပေး၍နေရာ ထိုရှိသော အချိန်ကို တတ်နိုင်သမျှလုရ၍ အလုပ်ကိုကြိုးစားသင့်ပါသည်။ ယနေ့လုပ်ရမည့်ကိစ္စကို မနက်ဖြန်အတွက် မချန်သင့်ပါ။ လက်ရှိအချိန်က သေချာသလောက် မနက်ဖြန်အချိန်ကမသေချာပါ။ ထို့ကြောင့် ပျင်းရိသောစိတ်ကို တော်လှန်ဆန့်ကျင်၍ ဘဝကို မနစ်မွန်းစေရန် ကြိုးစားရပေမည်။

ပျင်းရိခြင်းကြောင့် ယနေ့အလုပ်ကို မနက်ဖြန်အတွက်ထားကာ အချိန်ဆွဲနေခြင်းကြောင့် အခွင့်အရေးကောင်းများ၊ သန်းပေါင်းများစွာသောငွေများကို ဆုံးရှုံးသွားစေသည်။ အချိန်မီပါသေးသည်ဟု အချိန်ဆွဲနေခြင်းကြောင့် အချိန်မီလျှင် အရေးမကြီး၊ အချိန်မမီလျှင် နောင်တဝဲဂယက်တွင် မရှုမလှနစ်မြုပ်ရပေမည်။

ပထမအရွယ်တွင်ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် ကုသိုလ်ရှာရမည်ဟူသော အစဉ်အလာရှိခဲ့ပါသည်။ ပထမအရွယ်တွင် ပညာကိုမရှာဘဲ ပျင်းရိနေလျှင် ဒုတိယအရွယ်တွင် သူတစ်ပါးနောက်လိုက် အစေအပါးသာ ဖြစ်ပေမည်။ ထိုအခါမှ ပညာကိုပြန်ရှာမည်ဆိုလျှင်လည်း မမီနိုင်တော့ပေ။ ထို့ကြောင့် ပျင်းရိစိတ်သည် ဘဝကို အညွန့်တုံးသွားစေနိုင်သည်။

ထိုနည်းတူစွာ မိမိတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အလျောက် တတိယအရွယ်တွင် တရားဘာဝနာ ပွားများအားထုတ်သင့်ပါသည်။ မြတ်စွာဘုရား ဟောပြောချက်အရ အသေမဦးခင် တရားဦးရန်လိုအပ်သည်။ ပျင်းရိသောစိတ်သည် အခြားအရာများကို အချိန်ဆွဲထားနိုင်သော်လည်း သေမင်းက လာခေါ်လျှင် နေဦးဟုအချိန်မဆွဲနိုင်ပေ။ ထို့ကြောင့် ပျင်းရိစိတ်ကို တတ်နိုင်သမျှ ပယ်ရှားသင့်ပါသည်။

ကျွန်မတို့မူလတန်းတွင် သင်ကြားခဲ့ရသော ယုန်နှင့်လိပ်ပုံပြင်တွင် ယုန်သည်အပြေးမြန်သည်မှာ မှန်သော်လည်း အနှေးတို့ဘုရင်လိပ်ကို အရှုံးပေးလိုက်ရသည်။ ၎င်းမှာပျင်းရိသောစိတ်ဖြင့် လမ်းခုလတ်တွင် အိပ်နေသောကြောင့် ဤသို့အရှုံးနှင့်ရင်ဆိုင်ရခြင်းပင်တည်း။ ဤကဲ့သို့ ဘဝပန်းတိုင်သို့ သွားနေဆဲတွင် လမ်းခုလတ်၌ အိပ်၍နေလျှင် ဘဝကိုအရှုံးပေးရပေတော့မည်။

ရှေးအခါက သူဌေးကြီးတစ်ဦးသည် အရေးကြီးသောဆွေးနွေးပွဲတစ်ခုကို တက်ရောက်စရာရှိသော်လည်း ပျင်းရိစိတ်ကြောင့် အချိန်ဆွဲနေသဖြင့် ငွေသန်းပေါင်းများစွာ ဆုံးရှုံးသွားရသည်။ ဤသို့ဖြင့် ပျင်းရိစိတ်သည် ဆုံးရှုံးမှုတို့၏ဘုရင်၊ အောင်မြင်ခြင်း၏မိစ္ဆာကြီးဖြစ်သည်။ ထိုမိစ္ဆာကြီးကို တွန်းလှန်ရမည်မှာ ကျွန်ုပ်၏တာဝန်ဖြစ်သည်။

mgyoe.com

mgyoe.com


ကျွန်မသည်ပင်လျှင် တစ်နာရီစာလေး ပျင်းရိလိုက်မိခြင်းကြောင့် ဆုတစ်ခုကို ရသင့်ပါလျက် မရရှိခဲ့ခြင်းဖြစ်သည်။ ထိုအခါက မပျင်းရိဘဲ ကြိုးစားခဲ့ပါလျှင် ဆုသုံးခု ဆက်တိုက်ရရှိမည်ဖြစ်ပါသည်။ ထိုအခါမှစ၍ ပျင်းရိစိတ်ကို နာကြည်းမုန်းတီးကာ မည်သည့်အခါမှ မမွေးမြူတော့ရန် ဆုံးဖြတ်ချက်ချမိပါသည်။

ပျင်းရိသူနှင့် ကြိုးစားသူတို့၏ အခြေအနေသည် လွန်စွာခြားနားပါသည်။ ပျင်းရိသူက နောင်တနန်းစံရသကဲ့သို့ ကြိုးစားသူက အောင်မြင်မှုသရဖူဆောင်းကာ ပန်းတိုင်နန်းတွင် စံရပေမည်။ ယနေ့လူငယ်များသည် နောက်အနာဂတ်၏ သားကောင်း သမီးကောင်း ခေါင်းဆောင်ကောင်းများ ဖြစ်နိုင်ပါလျက် တဒင်္ဂတွင် ပျင်းရိလိုက်ခြင်းကြောင့် အခွင့်အရေး လက်လွတ်သွားနိုင်ပေသည်။ ထို့ကြောင့် ပျင်းရိသောစိတ်ကို မိမိတို့၏ မဟာရန်သူကြီးအဖြစ် သတ်မှတ်ကာ ထာဝစဉ် တွန်းလှန်သင့်ကြောင်း တိုက်တွန်းလိုက်ရပါတော့သည်။

❖

mgyoe.com

mgyoe.com

# ပညာသည် ဘဝရှေ့ဆောင်

- ပညာဟူသည်
- ဘဝတစ်လျှောက် ပညာအရေးပါပုံ
- ပညာက ဘဝကိုရှေ့ဆောင်လမ်းပြပုံ
- ပညာကြောင့် အသိအမြင်ကျယ်ဝန်းပြီး ဘဝကိုအကျိုးပြုပုံ
- ဘဝအောင်မြင်မှုရပုံ
- စာတွေ့ ကိုယ်တွေ့သာဓကများ
- အဆိုအမိန့်များ
- ပညာနှင့် မိမိအမြင်

mgyoe.com

mgyoe.com

## ပညာသည် ဘဝရှေ့ဆောင်

ဆုရတီမိုးဇင်

ပညာဟူသည် ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ် ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုထားပါသည်။ အရာရာကို ပညာအရာဖြင့်သာ ဝေဖန်ပိုင်းခြားနိုင်သည်။ ပညာသည် လူ့ဘဝအတွက် အလွန်အရေးပါအရာရောက်သည်။ ပညာသည် လူတို့ကြံစည်တောင့်တသမျှကို စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်သည့် သဘောရှိပါသည်။ ထို့ကြောင့် အသိပညာ အတတ်ပညာအမျိုးမျိုးကို ကောင်းစွာတတ်ကျွမ်းစေရန် ငယ်စဉ်ကပင် သင်ကြားလေ့လာရပေမည်။

ဘဝတစ်လျှောက်လုံးတွင် ပညာသည် လူ့တို့ဘဝကို သစ္စာရှိစွာအကျိုးပြုလျက်ရှိသည်။ လူဟူ၍ဖြစ်လာလျှင် အသက်ရှင်သန်နိုင်ရန်အတွက် စားဝတ်နေရေးကိစ္စများနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်း၍ နေထိုင်ရာ၏။ ထိုသို့သောစားဝတ်နေရေးနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ပညာကိုသာအရင်းပြုရလေသည်။ ထို့ကြောင့် ပညာသာလျှင် လူတို့ဘဝတွင် အရေးကြီးသောအရာ ဖြစ်ပေသည်။

ဘဝခရီးကိုလျှောက်လှမ်းရာတွင် ပညာမီးအိမ်ကိုသာလျှင် အဖော်ပြုလေသည်။ ပညာကား ဘဝကို တည့်မတ်စေရန် လမ်းပြပေးသည်။ အသေးအဖွဲကိစ္စမှစ၍ လုပ်ငန်းကြီးများအထိ ဆောင်ရွက်ရာတွင် ပညာကသာ ရှေ့ဆောင်လမ်းပြသွားသည်။ ထို့ပြင် တွေးခေါ်ပြောဆိုမှု၊ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးမှုတို့ကိုလည်း ပညာမှသာသိရှိနိုင်လေရာ ပညာသည် ဘဝ၏ရှေ့ဆောင်လမ်းပြပင် ဖြစ်လေသည်။

လူ့ဘဝတွင် အရွယ်သုံးပါးရှိသည်အနက် ပထမအရွယ် ပညာရှာ၊ ဒုတိယ

mgyoe.com

mgyoe.com


အရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် ကုသိုလ်ရှာရမည် ဟူသော အစဉ်အလာ ရှိခဲ့ပါသည်။ ထိုအစဉ်အလာအရ ပထမအရွယ်တွင် ပညာကို အထူးတန်ဖိုးထားရှာသင့်ပါသည်။ သို့မှသာ ဒုတိယအရွယ် လုပ်ငန်းခွင်ဝင်ရာ၌ နေရာကောင်း ရာထူးကောင်းရ၍ ဥစ္စာကိုကောင်းစွာ ရှာဖွေနိုင်ပေမည်။ ထိုသို့ရှာဖွေထားသော ဥစ္စာများကို မှီတင်းရင်းနှီး၍ တတိယအရွယ်တွင် ကုသိုလ်ဘာဝနာကို ပွားများအားထုတ်နိုင်ပေမည်။

အရွယ်အလိုက် သင်ကြားခဲ့ရသော ပညာများမှတစ်ဆင့် အသိအမြင် ကျယ်ဝန်းလာပါသည်။ အသိပညာ၊ အတတ်ပညာအမျိုးမျိုးကို တဖြည်းဖြည်း ကျယ်ကျယ်ဝန်းဝန်း သင်လာရလေလေ အသိအမြင်ကျယ်ဝန်းလာလေလေ ဖြစ်ပါသည်။ လူမှုကျင့်ဝတ်များကို လိုက်နာတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့မှုရှိခြင်း၊ စည်းကမ်းရှိခြင်း၊ လူမျိုးနှင့်တိုင်းပြည်အပေါ် ချစ်ခင်လာခြင်းတို့ကလည်း ကျွန်ုပ်တို့ ကျောင်းသား ကျောင်းသူများ၏ဘဝကို အကျိုးပြုနေခြင်းဖြစ်ပါသည်။

ဘဝတွင် အောင်မြင်သောဘဝပိုင်ရှင်များသည် ပညာကိုအရင်းတည် အခြေပြု၍ အောင်မြင်မှုရလာကြခြင်းဖြစ်သည်။ ပညာဉာဏ် ရင့်သန်လာသည်နှင့်အမျှ အောင်မြင်မှုများကို ပိုမိုရရှိနိုင်ပါသည်။ ပညာမရှိလျှင် ဘဝတွင် အောင်မြင်မှုမရနိုင်ပါ။ ထို့ပြင် သူတစ်ပါး၏ နှိမ့်ချပြောဆိုခြင်း၊ အရေးမထားခြင်း၊ အထင်သေးစော်ကားခြင်းတို့ကို ခံရပေမည်။ ပညာမရှိလျှင် လူရာမဝင်ပါ။ ပညာရှိလျှင် ပညာဂုဏ်ကြောင့် လူအများ၏ ကြည်ညိုလေးစားခြင်း၊ အထင်ကြီးခြင်းတို့ကို ခံစားရပါသည်။

လောကတစ်ခွင်တွင် တုနှိုင်း၍မရပါသော မြတ်စွာဘုရားသည် ဘုရားဖြစ်ရန် သင့်မသင့်၊ အချိန်ကာလ မယ်တော်၏အသက်အရွယ် အပိုင်းတို့ကို ပညာဉာဏ်တော်ဖြင့် ချင့်ချိန် ပိုင်းဖြတ်တော်မူခဲ့ပေသည်။ ထို့အတူ ဘုရားအလောင်းတော် မဟော်သဓာသတို့သားသည် ငယ်စဉ်က အမှုကိစ္စအမျိုးစုံကို ပညာဖြင့် ချင့်ချိန် စဉ်းစား အဖြေထုတ်ပေးခဲ့ပါသည်။

ကျွန်မဖတ်ဖူးသော ပုံပြင်လေးတစ်ပုဒ်တွင် သူဌေးသမီးလေးတစ်ဦးသည် ငယ်ရွယ်သူပီပီ ပညာကိုရှာရကောင်းမှန်းမသိ၊ မိဘဥစ္စာကို ထိုင်ဖြုန်းဖို့သာတတ်သည်။ စဉ်းစားဆင်ခြင်နိုင်စွမ်းလည်းမရှိ၊ သူတစ်ပါးပြောသမျှ ယုံသည်။ တစ်နေ့ လူဆိုးတစ်ယောက်သည် ထိုမိန်းကလေးကို ပြန်ပေးဆွဲရန် ကြံစည်လာသည်။ ၎င်းက "မိန်းကလေး၊ သင့်ကိုမြောက်မြားစွာသော ရတနာများပေးမည်၊ ငါနှင့်အတူ လိုက်ခဲ့လော့" ဟုပြောသည်။

မိန်းကလေးသည် ပညာမရှိ၍ ၎င်းနောက်သို့လိုက်ပါသွားလေသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ဒုက္ခများနှင့်ရင်ဆိုင်ရပြီးမှ ပြန်၍လွတ်လာခဲ့လေသည်။ ဤသည်တို့မှာ ပညာဉာဏ်၊ စဉ်းစားဉာဏ်မရှိ၍သာ ဤကဲ့သို့ ဒုက္ခရောက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ပညာကိုကောင်းစွာတတ်မြောက်အောင် သင်ကြားသင့်ပါသည်။

ပညာနှင့်တူသော အလင်းရောင်မရှိ။ "ပညာသမာ အာဘာနတ္ထိ" ဟူ၍ မြတ်စွာဘုရားကဟောကြားတော်မူခဲ့သည်။ "မီးရောင်၊ လရောင်၊ နေရောင်၊ ဉာဏ်ရောင်လွှမ်း၍မိုး"ဟု ဆိုသကဲ့သို့ ပညာအရောင်သည် အလင်းရောင်မြောက်မြားစွာထဲတွင် တုနှိုင်းမရအောင် အလင်းလက်ဆုံးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ဘဝကို အောင်မြင်သောဘဝများ၊ ဘဝပိုင်ရှင်များဖြစ်လိုလျှင် ပညာကိုကောင်းစွာ ရှာဖွေသင့်ပါသည်။ ဤသို့ဖြင့် ဘဝတွင် ပညာ၏ရှေ့ဆောင်မှုဖြင့် အောင်မြင်မှုများ ရရှိနိုင်ရန်နှင့် အောင်မြင်သောဘဝများကို ပိုင်ဆိုင်နိုင်ကြစေရန် ဆန္ဒပြုလိုက်ရပါတော့သည်။

❖

mgyoe.com

mgyoe.com

# လူငယ်နှင့်စည်းကမ်း

- စည်းကမ်းဟူသည်
- စည်းကမ်းကို လူတိုင်းလိုက်နာသင့်ပုံ
- လူငယ်တို့စည်းကမ်းကိုအထူးလိုက်နာသင့်ပုံ
- စည်းကမ်းရှိခြင်း၏အကျိုး၊ အပြစ်
- မိမိထင်မြင်ချက်

mgyoe.com

mgyoe.com

# လူငယ်နှင့်စည်းကမ်း

ဆရာတိမိုးသင်

"စည်းကမ်း"ဟူသည် မလုပ်သင့် မလုပ်ထိုက်သော အလုပ်မှန်သမျှကို မလုပ်မိစေရန် သတ်မှတ်ထားသော ဘောင်တစ်ခုပင်ဖြစ်ပါသည်။ လူ့ဘောင်လောကတွင် လူအသီးသီးတို့ လိုက်နာရန် စည်းကမ်းများ အသီးသီး ချမှတ်ထားသည်။ စည်းကမ်းသည် အခါအားလျော်စွာ နေရာအားလျော်စွာ များသောအားဖြင့် အများအကျိုးအတွက် သို့မဟုတ် ရှောင်ကြည်ရန် သတ်မှတ်ချက်များကို ဆိုလိုသည်။ အလုပ်တစ်ခုကို စည်းကမ်းနှင့်ပြုလုပ်ပါက အချိန်တိုအတွင်း အောင်မြင်စွာ ပြီးစီးနိုင်ပေသည်။ ထို့ကြောင့် ထိုစည်းကမ်းများကို လိုက်နာစောင့်စည်းရမည်မှာ ကျွန်ုပ်တို့လူငယ်တိုင်း၏ တာဝန်ပင်ဖြစ်ပေသည်။

လူနှင့်တိရစ္ဆာန်ကို စည်းကမ်းတံတိုင်းက ပိုင်းခြားထားသည်။ လူရိုင်းနှင့်လူယဉ်ဆိုသည်မှာလည်း စည်းကမ်းပေတံနှင့်သာ တိုင်းတာနိုင်ပေသည်။ လူ့ယဉ်ကျေးမှု၏ အဓိကမဏ္ဍိုင်မှာ စည်းကမ်းပင်ဖြစ်သည်။ စည်းကမ်းမဲ့သောလူမျိုးကို မည်သူကမှလေးစားမည်မဟုတ်ပါ။ ထို့ကြောင့် လူတိုင်းသည် စည်းကမ်းကို အထူးလိုက်နာသင့်ပေသည်။

လူသည် အသိဉာဏ်ကြွယ်ဝသော သတ္တဝါဖြစ်သည့်အလျောက် စည်းကမ်းကို အထူးလိုက်နာရန် ကြိုးစားရပေမည်။ အထူးသဖြင့် ကျွန်ုပ်တို့လူငယ်များသည် စည်းကမ်းကိုအထူးလိုက်နာသင့်သည်။ အိမ်တွင်မိဘများက ချမှတ်ထားသော အိမ်စည်းကမ်းများ၊ ကျောင်းတွင်လည်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ချမှတ်ထားသော ကျောင်းစည်းကမ်းများ စသည်တို့ကို တိကျစွာ လိုက်နာ

mgyoe.com

mgyoe.com


သင့်ပါသည်။ ထို့အတူ နေရာတိုင်းတွင် မည်သည့်စည်းကမ်းကိုမဆို လိုက်နာသင့်ပါသည်။

လူ့ဘောင်လူ့လောကတွင် လူတစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ စည်းကမ်းလိုက်နာသင့်ပါသည်။ သို့မှသာ ကျွန်ုပ်တို့၏ လူ့လောကကြီးအဓွန့်ရှည်တည်မြဲနိုင်ပေမည်။ စည်းကမ်းကို လူတန်းစားမရွေး အသီးသီးလိုက်နာရပေမည်။ လူက ချို့တဲ့ဆင်းရဲသော်လည်း စည်းကမ်းရှိလျှင် လူရာဝင်သည်။ ချမ်းသာသူက စည်းကမ်းမရှိလျှင် လူရာမဝင်ပေ။ ထို့ကြောင့် စည်းကမ်းရှိမှသာ လူရာဝင်ပေမည်။

စည်းကမ်းသည် အလေ့အကျင့်မှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အကျင့်ကောင်းသူသည် အကျင့်ကောင်းသူဖြစ်တတ်သကဲ့သို့ အကျင့်မကောင်းသူသည် စည်းကမ်းမဲ့သူဖြစ်တတ်ပါသည်။ စည်းကမ်းလိုက်နာလျှင် ကောင်းကျိုးရနိုင်သကဲ့သို့ စည်းကမ်းမလိုက်နာလျှင် ဆိုးကျိုးနှင့်ရင်ဆိုင်ရပေမည်။

စံပြလုပ်သား၊ စံပြကျောင်းသား၊ စံပြအမှုထမ်းကောင်းတို့သည် စည်းကမ်းကို အထူးလိုက်နာခြင်းကြောင့် ဤကဲ့သို့ဂုဏ်ပြုချီးမြှင့်ခံရခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အင်္ဂလိပ်လူမျိုးတို့သည် စည်းကမ်းအရှိဆုံးလူမျိုးများဟု ထင်ရှားပါသည်။ ဤသို့ စည်းကမ်းရှိခြင်းကြောင့် "နေမဝင်အင်ပါယာ"ကြီးကို ထူထောင်နိုင်ခဲ့ကြပေသည်။ ထို့ကြောင့် စည်းကမ်းသည် လူမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ်တို့ကို ထွန်းပြောင်စေပါသည်။ ၎င်းတို့သည် စည်းကမ်းရှိခြင်းကြောင့် အကျိုးကျေးဇူးရရှိခြင်းဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း တစ်ချိန်က ကိုယ့်ထီး၊ ကိုယ့်ကြငှန်း၊ ကိုယ်ပိုင်အချုပ်အခြာ အာဏာပိုင်ဘဝမှ နယ်ချဲ့ဗြိတိသျှတို့၏လက်အောက်သို့ ကျရောက်ခဲ့ရဖူးသည်။ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသဖြင့် ကျွန်ုပ်တို့လူမျိုး၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ စီးပွားရေးကို မေးမှိန်ခဲ့ရဖူးသည်။ ဤသည်တို့မှာ မြန်မာလူမျိုးတို့ စည်းကမ်းဖောက်ဖျက်၍ ဖြစ်ခဲ့ရသော ဆိုးကျိုးများဖြစ်ပေသည်။ ဤသည်ကို အကြောင်းပြု၍ အချုပ်တန်းဆရာဖေက "မြန်မာတွေစည်းကမ်းဖောက်ထီးနန်းပျောက် ဖြစ်ပြီ"ဟူသော စာကြောင်းပါသည့် ကဗျာတစ်ပုဒ်ရေးစပ်ခဲ့ရာ အောင်မြင်ခဲ့သည်။

ထိုသို့သာဓကများ ရှိခဲ့ဖူးသည်ဖြစ်၍ ကျွန်ုပ်တို့လူငယ်များသည် စည်းကမ်းကို အထူးလိုက်နာရပေမည်။ ကျွန်ုပ်တို့လူငယ်များသည် တစ်ခါတစ်ရံ လွတ်လပ်မှုကို ရှာတတ်ကြသည်။ ထိုအခါ စည်းကမ်းနှင့်ကင်းလွတ်ပြီး ဒုက္ခတွေ့တတ်ကြသည်။ ထို့ကြောင့် လွတ်လပ်ပျော်ရွှင်မှုကို ရှာဖွေရာ၌ စည်းကမ်းဘောင်အတွင်း၌သာ

mgyoe.com

ရှာဖွေသင့်ပါသည်။ ထိုဘောင်ကိုမကျော်လွန်သင့်ပေ။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ဆိုသကဲ့သို့ စည်းကမ်းလိုက်နာလျှင် အစဉ်အမြဲဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် စည်းကမ်းသည် လူအချင်းချင်းအတွက်လည်းကောင်း၊ အများအတွက်လည်းကောင်း တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးလှသည်။ ကျွန်ုပ်တို့လူငယ်များသည် နိုင်ငံကြီးသားများပီပီ စည်းကမ်းကိုလိုက်နာရပေမည်။ သို့မှသာ နောင်အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ၊ ဆရာကောင်းများဖြစ်လာနိုင်သည်။ စည်းကမ်းရှိသောလူငယ်များ စုပေါင်းမှသာ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်ကို ပိုမိုတိုးတက်ခေတ်မီလာနိုင်ပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ကမ္ဘာ့အလယ်တွင် မြန်မာဟူ၍ ဝင့်ထည်နိုင်စေရန် စည်းကမ်းကို အထူးလိုက်နာကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါတော့သတည်း။

❖

mgyoe.com

mgyoe.com

# ပညာသည် ဘဝရှေ့ဆောင်

- ပညာဟူသည်
- ဘဝတစ်လျှောက် ပညာအရေးပါပုံ
- ပညာက ဘဝကိုရှေ့ဆောင်လမ်းပြပုံ
- ပညာကြောင့် အသိအမြင်ကျယ်ဝန်းပြီး ဘဝကိုအကျိုးပြုပုံ
- ဘဝအောင်မြင်မှုရပုံ
- စာတွေ့ ကိုယ်တွေ့သာဓကများ
- အဆိုအမိန့်များ
- ပညာနှင့် မိမိအမြင်

mgyoe.com

mgyoe.com

# ပညာသည် ဘဝရှေ့ဆောင်

ဆုသိင်္ဂီထွန်း

ပညာဟူသည် အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားသိမြင်နိုင်သော အသိဉာဏ်(သို့) အတတ်ဖြစ်သည်။ ပညာဆိုသည်မှာ 'အသိဉာဏ်'... အများအားဖြင့် သိတတ်သောဉာဏ်၊ ဆည်းပူးယူရသော အသိဉာဏ်၊ ယင်းဉာဏ်ကို ရရာရကြောင်း ရှာဖွေဆည်းပူးအပ်သော အတတ်ဟုလည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါသေးသည်။ ပညာသည် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်ကို ကွဲကွဲပြားပြား ခွဲခြားနိုင်သော လူ့အရည်အသွေး၊ လူ့စွမ်းရည်ဖြစ်သည်။ ပညာဟူသည် အထူးထူး အပြားပြားကို ပိုင်းခြားသိမြင်တတ်သော သတ္တိစွမ်းကို ဆိုလိုသည်ဟုလည်း မှတ်ယူရပါသည်။ ထို့ကြောင့် ပညာဟူသည် ခွဲခြားသိမြင်နိုင်သော အသိဉာဏ်၊ အတတ်ဟူ၍ မြန်မာအဘိဓာန်က ဖွင့်ဆိုထားပါသည်။ 'သကျရှုပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စ' ဟူသည်မှာ လူတို့ကြံစည်သမျှ တောင့်တသမျှကို စွမ်းဆောင်ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်သည့် သဘောရှိသော ဝိဇ္ဇာတည်းဟူသော အသိပညာ၊ သိပ္ပတည်းဟူသော အတတ်ပညာတို့သည် လူ့ဘဝတွင် အရေးပါအရာရောက်သည့် လူ့ကိစ္စအဖြစ် ငယ်စဉ်ကပင် ကောင်းစွာတတ်ကျွမ်းအောင် သင်ကြားသင့်သည်။ ကျိုးကြောင်းမှန်ကန်၊ ဝေဖန်မြော်မြင်၊ ဆင်ခြင်ထောက်နိုင်သည့် 'ပညာ' တည်းဟူသော ဉာဏ်အမြင်စက္ခုသည် အရာရာကို ထွင်းဖောက်သိမြင် နိုင်စွမ်းရှိသည်။ ထို့ကြောင့် သာမန်ပုထုဇဉ် လူသားများသာမက ဘုရား၊ ရဟန္တာများပါမကျန် ခက်ခဲနက်နဲသော အမျိုးမျိုးအဖုံဖုံသော ပြဿနာအရပ်ရပ်ကို ဖြေရှင်းအောင် မြင်နိုင်ခြင်းအလို့ငှာ

mgyoe.com

ဉာဏ်ပညာတည်းဟူသော ဝရမ်ိန်လက်နက်၊ မိုးကြိုးစက်ကို ခက်ခက်ခဲခဲ ရှာဖွေနေကြရသည်ဟု ထင်မြင်မိပါသည်။ လူနှင့်တိရစ္ဆာန်တို့၏ အဓိက ကွာခြားချက်မှာ လူတို့တွင်ပညာတည်းဟူသော အသိဉာဏ်ရှိခြင်းဖြင့် တိရစ္ဆာန်တို့ထက် သာလွန်သည်မှာ ထင်ရှားလှပါသည်။ ပညာသည် လူ့ဘဝအတွက် အရေးပါ အရာရောက်သည့်အရာဖြစ်သဖြင့် လူတိုင်းတွင် ပညာရှိရန် လိုအပ်သည်မှာ အထင်အရှားပင်ဖြစ်သည်။ လူသည်အရာရာကို သင့်မသင့်၊ တော်မတော် ဝေဖန်နိုင်ပါသည်။ ထို့ကြောင့် ပညာသည် လူ့ဘဝအတွက် ဦးစီးရှေ့ဆောင်မီးရှူးရောင်ဖြစ်သည်။

သက်ရှိဘဝလူဟူ၍ဖြစ်လာလျှင် အသက်ရှင်သမျှ လူ့ဘဝတစ်လျှောက်တွင် အမှားအမှန်၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားသိမြင်နိုင်သော အသိဉာဏ်သည် အရေးကြီးဆုံးဖြစ်သည်။ ထိုအသိဉာဏ်သည် ပညာကိုဆည်းပူးခြင်းမှ ရရှိခြင်းပင်ဖြစ်သည်။ မည်သည့်အရာမျှ မတည်မြဲသောဘဝတွင် မယိုင်မလဲ၊ မပျောက်ပျက်သောအရာကား ပညာသာဖြစ်သည်။ ပညာရှိသုခမိန်များ အသက်သေဆုံးသွားသော်လည်း ထိုသူတို့၏နာမည်နှင့် ဂုဏ်သတင်းကျန်ရစ်ခဲ့သည်။ ပညာတည်းဟူသော အသိဉာဏ်၊ အတတ်ပညာကြောင့်သာဖြစ်သည်။ လူ့ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အသက်မွေးဝမ်းကျောင်းအတွက် ပညာသည် အရေးကြီးသည်။ လောကတွင်လူတို့သည် အသက်ရှင်ရပ်တည်နိုင်ရန် အဓိကကျသော စားဝတ်နေရေးအတွက် အလုပ်ကိုယ်စီလုပ်ကြရမည်။ အသက်မွေးမှုအတတ်ပညာ ကိုယ်စီပါအောင် ကြိုးစားထားရမည်။ အတတ်တစ်ခု တတ်အောင်ပြုရမည်။ ပညာဟုဆိုရာတွင် ကျောင်းစာတစ်မျိုးတည်းသာ ဆိုလိုခြင်းမဟုတ်၊ ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသော အတတ်မှန်သမျှသည် ပညာပင်ဖြစ်သည်။ လက်မှုပညာ၊ စက်မှုပညာအသိ အတတ်ပညာတို့ဖြင့် မိသားစုဘဝ ရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်ပေမည်။ ပညာသည် အသက်မွေးဝမ်းကျောင်းဖြစ်သည်။ လူဖြစ်သည့်တိုင် အသက်မွေးမှု အတတ်ပညာတစ်ခုခု မရှိပါက လူရာမဝင်၊ လူတောမတိုး၊ လူတန်းမစေ့ ဖြစ်ရပေမည်။ လူ၏ စားဝတ်နေရေး ကြီးပွားချမ်းသာရေးတို့တွင် ပညာသည် အဓိကနေရာမှာ ရှိနေပါသည်။ လူသည် မွေးစ ပုခက်တွင်းမှ သင်္ချိုင်းရောက်သည်အထိ ဘဝတစ်လျှောက် ပညာဆည်းပူးနေရပါမည်။ သို့မှသာ ဘဝအရေးမှန်သမျှကို ရင်ဆိုင်ဖြေရှင်းနိုင်ပေမည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့်လည်း အသိပညာရော၊ အတတ်ပညာပါ စွယ်စုံမှ တကယ့်ပညာဖြစ်သည်။

လူ့ဘဝသည် တိုတောင်းသည်။ တိုတောင်းလွန်းသည့်ဘဝကို အကျိုးရှိစွာ

mgyoe.com

mgyoe.com

ကုန်လွန်စေသင့်သည်။ တန်ဖိုးရှိစွာ အသက်ရှင်ရပ်တည်သင့်သည်။ လူ့ဘဝသည် လိုအင်ဆန္ဒများဖြင့် ပြည့်စုံနေသဖြင့် ထိုဆန္ဒများအလျောက် ဖြစ်ပေါ်လာသော လူမှုပြဿနာများကို ဖြေရှင်းကြရသည်။ ထို့ကြောင့်လည်း လူ့ဘဝအတွက်အောင်မြင်သော ဘဝတစ်ခုကို ထူဆစ်ရန်အတွက် ပညာသည် အရေးပါလှသည်။

ပညာသည် အမှားအမှန်ကို ခွဲခြားပေးနိုင်ရုံမက မိမိတို့လိုချင်သမျှ ကြံစည်သမျှအားလုံးကိုလည်း ဖြည့်စွမ်းပေးနိုင်သည့် သဘောရှိသည်။ ထို့ကြောင့် ပညာကို ကြိုးစားအားထုတ်၍ သင်ကြားရမည်ဖြစ်သည်။ သင်ကြားလေ၊ ပညာနက်ရှိုင်းကျယ်ပြန့်မှုကို သိလာလေဖြစ်သည်။ သိလာလျှင်ဖြစ်လာခဲ့သော အမှုကိစ္စခပ်သိမ်းကို ပညာဖြင့်ဆင်ခြင်၍ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ပညာ၏အောင်မြင်မှုများကို ရရှိခံစားနိုင်ပါသည်။ ထို့ကြောင့်ပညာသည် ဘဝတစ်လျှောက်လုံးတွင် အရေးပါနေသည်ဟုဆိုရမည်။

အောင်မြင်သော ဘဝပိုင်ရှင်များသည် ပညာကို အရင်းတည် အခြေပြု၍အောင်မြင်မှုရလာခဲ့ခြင်းဖြစ်သည်။ ပညာမပါဘဲ အောင်မြင်သောဘဝကို မရနိုင်ပါ။ အင်းဝခေတ်က လယ်သမားတစ်ဦးဖြစ်သော စာတိုငညို သည် လယ်ကွင်းတွင်း၌ လယ်ထွန်ရင်း၊ မအားလပ်ရင်းဖြင့် စာကို အပတ်တကုတ် ဖတ်မှတ်လေ့လာခဲ့သည်။ ထို့နောက် ပညာရှိအမတ် ဝန်ဇင်းမင်းရာဇာ အဖြစ် ထင်ရှားစွာဖြစ်လာခဲ့သည်။ ထို့အတူ အမေရိကန်သမ္မတဖြစ်ခဲ့သော လင်ကွန်းသည်လည်း ပညာကြောင့် သာမည သစ်သားအိမ်မှ သမ္မတအိမ်ဖြူတော်သို့ တက်လှမ်းနိုင်ခဲ့သူဖြစ်သည်။ အသိအမြင် ကျယ်ပြန့်နက်ရှိုင်းသူသည် ဘဝတွင် အောင်မြင်မှု မလွဲမသွေ ရမည်ဖြစ်သည်။ ဤသည်မှာ ပညာကြောင့် ဘဝတွင် အောင်မြင်မှုရခဲ့သော စာတွေ့သာဓကများ ဖြစ်သည်။ ထို့ကြောင့် ပညာသည် လူ့ဘဝတွင် အရေးပါသည်။ ပညာသာလျှင် လူတစ်ဦးတစ်ယောက်ကိုသာမက လူတစ်မျိုးတစ်နွယ်လုံး တည်တံ့သန့်ရှင်းရေးအတွက် မရှိမဖြစ်သောအရာဖြစ်သည်။

ပညာရှိလျှင် ဘဝကိုတင့်တင့်တယ်တယ် နေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ပညာက ဘဝကို ရှေ့ဆောင်လမ်းပြပေးနေသောကြောင့်ဖြစ်သည်။ ရှေ့ဆောင်လမ်းပြပေးနေသည်ဟု ဆိုရခြင်းမှာ ပညာရှိလျှင် လူရာဝင်သည်။ ပညာရှိသူကို လူတိုင်းက လေးစားသည်။ ထို့ကြောင့် လူ့ဘဝတစ်ခုကို တည်ဆောက်ရာတွင် ပညာက ရှေ့ဆောင်လမ်းပြဖြစ်ပါသည်။ ယေဘုယျသတ်မှတ်ထားသော လူကျင့်စဉ်များမှာ ပထမအရွယ်တွင် ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားဓမ္မကို အဖော်ပြုရမည်ဟူ၍ဖြစ်သည်။ ထိုအစဉ်အလာအရ ပထမအရွယ်

mgyoe.com

mgyoe.com
ပညာရှာခြင်းသည် ဘဝအတွက် အရေးကြီးဆုံးဖြစ်သည်။ ငယ်ရွယ်ပျိုမျစ်၊ နုပျိုလန်းဆန်းတက်ကြွနေသည့်အချိန်တွင် ပညာကို ကျားကုတ်ကျားခဲ သင်ယူရပေမည်။ သို့မဟုတ်ပါက အလုပ်လက်မဲ့ဖြင့် ပစ္စည်းဥစ္စာများကို လိုအပ်ချိန်တွင် မရသဖြင့် စိုးရိမ်ပူပန်ကာ အသက်အရွယ်ကြီးသောအခါတွင် ဒုက္ခများစွာဖြင့် စိတ်နှလုံးမအေးချမ်းဘဲနှင့် သေဆုံးသည်အထိဖြစ်နိုင်သည်မှာ ပညာမရှိခြင်းကြောင့်ဖြစ်သည်။ ဒုက္ခနွံထဲတွင် တဝဲလည်လည်နှင့် ရုန်းမရထွက်မရဖြင့် ကျဆုံးရပေတော့မည်။ ဤအဖြစ်အပျက်ကို ကုဋေရှစ်ဆယ် သူဌေးသားက မီးမောင်းထိုးပြသကဲ့သို့ ဖြစ်နေတော့သည်။ ထို့ကြောင့်လည်း ပထမအရွယ်တွင် ပညာကိုရအောင်ရှာဖွေကာ ဒုတိယအရွယ်တွင် ပညာရှိသဖြင့် ပညာကိုအရင်းပြု၍ ဥစ္စာရှာ၊ ဥစ္စာရှာပြီးနောက် ကုသိုလ်တရားများကို စိတ်အေးချမ်းသာ ရှာဖွေနိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း ဘဝတစ်ခု၌ ပထမအရွယ် ပညာရှာခြင်းသည် အရေးကြီးလှပါသည်။

အသေးအဖွဲ့အမှုကိစ္စများကို ဆောင်ရွက်သည်မှအစ ကြီးကျယ်သောလုပ်ငန်းကြီးများအထိ အရာရာကိုအဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်အောင်လုပ်ဆောင် ပေးသည်မှာပညာပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် အိမ်တစ်လုံးကိုဆောက်လုပ်ရာတွင် အိမ်အောက်ခြေမှစ၍ ခိုင်ခံ့အောင် တိုင်ကျင်းများဖြင့်ဆောက်လုပ်မှသာ အိမ်ခိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း ကြီးမားသောအိမ်မပြိုးခင် အဓိကအခြေမှာ တိုင်ကျင်းဖြစ်သည်။ ထို့ကြောင့်လည်း ပညာသည် ဘဝရှေ့ဆောင်ဖြစ်သည်။ သည်ခရီး သည်ထီးနှင့်တော်မတော်၊ သည်လမ်းသည်ပန်းနှင့်သင့်မသင့်၊ ကောင်းမကောင်း လျော်မလျော်ကို ဆုံးဖြတ်ပေးသည်မှာပညာဖြစ်သည်။ ဤခရီးလမ်းသည် သွားရန် သင့်မသင့်နှင့် သည်လမ်းမှသွားသော်ကောင်းမကောင်းကို ပညာတည်းဟူသော အသိဉာဏ်ဖြင့် ဆုံးဖြတ်သည်ဟုထင်ပါသည်။ ပညာသည် လူ့ဘဝတွင် တွေးခေါ်ပြောဆိုမှု၊ ကိုယ်နှုတ်နှလုံးသုံးပါးသော အမှုအရာအားလုံးကို ရှေ့ဆောင်လမ်းပြပါသည်။ ထို့ကြောင့်ပညာသည်လူ့ဘဝ၏ ရှေ့ဆောင်လမ်းပြဖြစ်သည်။ ပညာသည် မျက်စိနှင့်တူပါသည်။ မျက်စိနှစ်ကွင်းအလင်းဆောင်သူများသည် ကြည့်မြင်လိုရာကို ကြည့်မြင်နိုင်ပြီး၊ သွားလိုရာကို သွားနိုင်ပါသည်။ ဘဝတွင်တွေ့ရသော အခက်အခဲများ ပြဿနာများကို အောင်မြင်စွာ ကျော်လွှားနိုင်ပါသည်။ မည်သည်ကအမှန်၊ မည်သည်ကအမှားဟု ပိုင်းခြားဝေဖန်နိုင်သဖြင့် မိမိပြုသမျှ၊ ကြံစည်သမျှ၊ ပြောသမျှတို့သည်အမှားကင်းစင်ပြီး အောင်မြင်ခြင်းပန်းတိုင်ကို အလွယ်တကူ ရောက်နိုင်မည်ဖြစ်သည်။

mgyoe.com

mgyoe.com


ပထမအရွယ်ငယ်စဉ်ကတည်းက ပညာတတ်မြောက်သူသည် ပရိသတ်ဗိုလ်ပုံအလယ်တွင် ပြောရေးဆိုရေးကြံ့ပါက ရန်အပေါင်းကို အောင်မြင်သည့် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာပြောနိုင်ပါမည်။ ပထမအရွယ်ဖြစ်သော ကျွန်ုပ်တို့ကျောင်းသားလူငယ်များသည် ငယ်စဉ်ကတည်းက ပညာသင်ခဲ့ရပါသည်။ သူငယ်တန်းမတက်ခင်ကပင် မူကြိုကို တက်ကြပြီးဖြစ်သည်။ သူငယ်တန်းမှ ဆယ်တန်းအထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ မိမိအသက်အရွယ် အဆင့်အလိုက်သင်ကြားခဲ့ရသောပညာအရ တစ်ဆင့်ပြီးတစ်ဆင့် အသိအမြင် ကျယ်ဝန်းလာခဲ့ပြီးဖြစ်သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ ပို၍ပို၍ သင်ကြားရသည်နှင့်အတူ အသိအမြင်ကျယ်ဝန်းလာပါသည်။ မူလတန်း၊ အလယ်တန်းတို့တွင်သင်ကြားခဲ့ရသော သားသမီးဝတ္တရားငါးပါးကြောင့် မိဘတို့၏ ကြီးမားလှသောဂုဏ်ကျေးဇူးနှင့် မေတ္တာ၊ မိဘကို ရိုသေလေးစားစွာ လုပ်ကျွေးပြုစုရမည့် အသိတရားများ ရင်ဝယ်ပိုက်ထားနိုင်ခဲ့ပါသည်။ တပည့်ဝတ္တရားကိုလည်း သင်ကြားပေးခဲ့သဖြင့် ဆရာတို့အပေါ် ထားရှိရမည့် တပည့်ကောင်းတို့၏ သဘောတို့ကိုနားလည်လာသည်နှင့်အမျှ တပည့်လိမ္မာ၊ ကျောင်းသူကောင်းတစ်ဦးအဖြစ်ရပ်တည်နေနိုင်ခဲ့သည်။ လူမှုကျင့်ဝတ်များ လိုက်နာတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စည်းကမ်းလိုက်နာရိုသေခြင်း၊ လုံ့လ ဝီရိယစိုက်ထုတ်ပြီး ဇွဲရှိရှိလုပ်တတ်လာခြင်း၊ ရည်မှန်းချက်ကောင်းထား၍ ကြိုးစားတတ်လာခြင်း၊ နိုင်ငံနှင့် လူမျိုးကိုချစ်တတ်လာခြင်းသည် ပညာက ကျွန်ုပ်တို့ ကျောင်းသားဘဝကို အကျိုးပြုခြင်းများဖြစ်သည်။ လူ့ဘဝတွင် အချို့သော လူသားတို့သည် အသက်ကြီးလာသည်နှင့်အမျှပညာဉာဏ်၊ ဗဟုသုတများ၊ တိုးပွားသူများရှိသလို ပညာဉာဏ်မသိမရှိသဖြင့်စိတ်ဆင်းရဲနေရသောသူများလည်း ရှိပါသည်။ ပညာဉာဏ် တဖြည်းဖြည်း ရင့်သန်လာသည်နှင့်အမျှ ဘဝတွင် အောင်မြင်မှုများ ရရှိလာတတ်သည်။ မူလတန်းပညာအရ အလယ်တန်းတွင် ပိုတော်ရန်၊ အလယ်တန်းပညာအရ အခြေခံပညာအထက်တန်းတွင် ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်စေရန် ရည်မှန်းချက်ထားကာကြိုးစားသင့်ပါသည်။ အခြေခံပညာအထက်တန်းတွင် ဘာသာစုံဂုဏ်ထူးရလျှင်မြန်မာပြည်တွင်သာမက နိုင်ငံခြားတက္ကသိုလ်များသို့ ဆက်လက် ပညာသင်ကြားပြီးအောင်မြင်သော ဘဝတစ်ခုကို ရောက်နိုင်ပါလိမ့်မည်။ ထို့ကြောင့်လည်း လူတစ်ယောက်သည် အတန်းပညာ ကျောင်းသင်စာတတ်မြောက်လျှင် ဘွဲ့ထူးဂုဏ်ထူးများရပြီးလျှင် ရာထူးဌာနဖြင့် တည်ငြိမ်သောဘဝတစ်ခုကို တည်ဆောက်နိုင်ပါလိမ့်မည်။ ထိုလုပ်ငန်းများကို အသက်မွေးကာ ဘဝကိုအောင်မြင်စွာ တင့်တင့်

mgyoe.com

mgyoe.com

တယ်တယ် ဆောက်လုပ်နိုင်ပါသည်။ ထိုအခါဘဝတွင် မျှော်လင့်မထားသည့် အောင်မြင်မှုများ အလိုအလိုရရှိနိုင်ပါသည်။ ဤသည်မှာ ပညာကြောင့် ဘဝ အောင်မြင်မှုများ ရလာနိုင်ခြင်းပင်ဖြစ်သည်။

ပညာရှိသူ၏စကားများကာ ပျားသကာနှယ် ချိုမြိန်လှ၏။ ပညာမဲ့သူ၏ စကားကား တမာနှယ်ခါး၏။ ပညာရှိမှသာလျှင် လောကတွင်ရှေ့တန်းမှ ရဲရဲရင်ဆိုင် ကာ အရာရာကိုကျော်လွှားနိုင်မည်။ အောင်မြင်မှုရမည်။ လူ့လောကတွင် တင့်တယ် မည်။ တန်ဖိုးမဖြတ်နိုင်သော ပညာစွမ်းကြောင့်ဖြစ်သည်။ ပညာသည် လောကီရေး တွင် သာမက လောကုတ္တရာရေးတွင်လည်း အသုံးဝင်သည်။ အရေးပါသည်။ ပညာရှိမှသာ ကုသိုလ် အကုသိုလ်တို့ကို ခွဲခြားသိပြီး ဗုဒ္ဓတရားတော်များကို လိုက်နာကျင့်ကြံပွားများရကောင်းမှန်းသိ၏။ ထို့ကြောင့် တမလွန်ဘဝတွင်လည်း မြင့်မြတ်သော ဘုံဘဝသို့သွားရပေမည်။ ပညာမဲ့သောသူသည်ကား ဘိုးဘွားမိဘ တို့က စောင့်ရှောက်ထား၍ ကြောင့်ကြမှုမရှိဘဲ ဘုံခုနစ်ဆင့်မြင့်သော ရွှေအိမ်ထက် တွင် စည်းစိမ်နှင့်ခံစားနေသော်လည်း တင့်တယ်မှုမရှိ။ ပြာသာဒ်ဖျားဝယ် နားသည့် ကျီးပမာ ကျလိမ့်မည်ဖြစ်သည်။ "ပညာမျက်စိမရှိ၍ မသိတရား အယူမှားလျက် စီးပွားမမျှော် ကျိုးမပေါ်သာ"ဟု ရခိုင်သူမြတ် ရေးဖွဲ့ထားသည့်အတိုင်း ပညာမျက်စိ အသိအမြင်မရှိသောကြောင့် အယူအဆမှားလျက် အများအားဖြင့် မကောင်းမှုကို သာ ကျူးလွန်တတ်ကြသည်။ ပညာမဲ့သူသည် စီးပွားရေးလည်းမအောင်မြင်၍ ဥစ္စာစနလည်းမကြွယ်၊ ဂုဏ်လည်း ငယ်သည်။ ဆင်းရဲငြိုငြင်စွာ အသက်မွေးရ သည်။

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ် သိန်း ကာလပတ်လုံး ပါရမီမျိုးစုံဖြည့်၍ စရိယသုံးသွယ်ကိုကျင့်ကာ စွန့်ခြင်းကြီး ငါးရပ်စွန့်ပြီး ကြိုးစားအားသုတ်ခြင်းဖြင့် အလုံးစုံတို့ကို သိမြင်နိုင်သော သဗ္ဗညုတ ညာဏ်တော်ကို ရရှိခဲ့သည်။ သဗ္ဗညုတညာဏ်တော်ပွင့်လင်းမှသာ ဘုရားအဖြစ် ဥဒါန်းကျူး၍ ပညာဉာဏ်ဖြင့် ဘုရားအဖြစ်ရောက်မရောက်ကို ဉာဏ်တော်ဖြင့် အဆုံးအဖြတ်ပြုခဲ့သည်။ ပညာတတ်သူများသည် ပညာအရောင်ဖြင့် ထွန်းတောက် ရသည်။ ထို့ပြင် ပညာတွင် တန်ခိုးရှိသည်။ အရှိန်အဝါလည်း ကြီးမားသည်။ ပညာရှင်ကို လူအများက ရိုသေလေးစားကြသည်။ ဘုရားလောင်းမဟော်သဓာ သည် ငယ်စဉ်ကပင် ဖွားဖက်တော် တစ်ထောင်နှင့်အတူ တရားများ စီရင်ခဲ့ပါသည်။ ဝိဒေဟရာဇ်မင်းကြီး၏ အမေးပုစ္ဆာပြဿနာများကို ဉာဏ်ပညာဖြင့် ဖြေရှင်းခဲ့သည်။ ထို့ကြောင့်ပင် သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပက္ကုသဟူသော အမတ်ကြီးလေးပါးကိုကျော်၍

mgyoe.com

mgyoe.com


အသက်ငယ်သော်လည်း ပညာအရာ၌သာလွန်၍ သုခမိန်အဖြစ် ဝိဒေဟရာဇ်မင်းကြီးက မြှောက်စားချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့အပြင် "အမာရွတ်ကိုမြင်လျှင် မပေဟိသဓာကို မကျေ"ဟုပင် ဖြစ်ခဲ့ရသည့် အခြားတိုင်းပြည်မှ ကေဝဋ္ဋပုဏ္ဏားကိုပင် ပညာအစွမ်းဖြင့် အနိုင်ယူခဲ့သည်။ မိတ္ထီလာပြည်ကိုလည်း ရန်သူများလက်ထဲမှ ကယ်တင်နိုင်သည်။ မြန်မာ့သမိုင်း၏ နာမည်ထင်ရှားသော ဝန်ဇင်းမင်းရာဇာ၊ ရာဇသင်္ကြန်၊ ဦးပေါ်ဦး၊ ယောမင်းကြီး စသည့်ပညာရှိကြီးများသည် လူပင်သေသော်လည်း နာမည်မသေဘဲ ယနေ့တိုင် ထင်ရှားနေသည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် ပညာအရာ၌ ဧတဒဂ်(ပညာအရာတွင် မြတ်စွာဘုရားပြီးလျှင် ဒုတိယ) ဟူသည်ကိုရရှိခဲ့ပါသည်။

မောင်ခင်မင်(ဓနုဖြူ)၏ 'နှစ် ၄၀ ဘဝမှတ်တိုင်များ'စာအုပ်တွင် ငယ်ရွယ်စဉ်အခါက မိဘနှစ်ပါး ကွယ်လွန်ပြီး အဒေါ်ကြီးတစ်ဦး၏ စောင့်ရှောက်မှုဖြင့် ဆင်းဆင်းရဲရဲ ပညာသင်ကြားခဲ့သည်။ ပညာကိုမြတ်နိုးသဖြင့် ပညာကိုကြိုးစားခဲ့သည်။ ပညာကလည်း လမ်းမှန်ပြပေး၊ ပညာကြောင့် မကောင်းမှုမပြု၊ ပညာကြောင့် အောင်မြင်မှုများရရှိလာခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ဌာနမှူးပါမောက္ခအဖြစ် ရောက်ရှိခဲ့ပါသည်။ နာမည်ရစာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ)အဖြစ် အောင်မြင်လာခဲ့သည်။ စာပေဆုများသည် ချီးမြှင့်ခြင်းခံခဲ့ရသည်။ ဤသည်မှာ ပညာကို မရရအောင် ဆည်းပူးလေ့လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆည်းပူးရမည့်တာဝန်သည် လူတိုင်း၌ရှိသည်။ ပညာတတ်လိုသော စိတ်ဆန္ဒကိုပြင်းပြစွာထား၍ ကြီးစွာသောလုံ့လ ဝီရိယဖြင့် ကြိုးစားသင်ယူကြရပါမည်။ ပညာသင်ကြားရာ၌ စာဆိုရှင် ရှင်မဟာရဋ္ဌသာရ၏ သု-စိ-ပု-ဘာ-ဝိ-လိ-သိ-ဓာ ဟူသောနည်းအတိုင်း အပတ်တကုတ် လေ့လာသင်ယူရမည်ဖြစ်သည်။ လောက၌ မတင့်တယ်သော ပညာသာရှိပြီး မသိသင့်သော ပညာဟူ၍ မရှိချေ။ တစ်နေ့လျှင် တစ်ပုဒ်တစ်ပြည်စာမျှ စာကိုကျက်သွားရာ နောက်ဆုံးတွင် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သွားသော ဦးကျည်ပွေ့ကဲ့သို့ မလျှော့သောဇွဲဖြင့် ကျက်မှတ်လေ့လာသွားသင့်ကြပါသည်။

အရောင်အဆင်းလှသော်လည်း ရနံ့ကင်းသောပန်းကို အရွယ်အဆင်းလှသော်လည်း ပညာနှင့်ကင်းသောလူဟု ရေးဖွဲ့ခဲ့ပါသည်။ ရုပ်ရည်ရူပကာ မည်မျှပင် ချောမောစေကာမူ ပညာမရှိသောလူသည် လူရာမဝင်ပေ။ အရောင်အဆင်းလှ၍ ရနံ့ကင်းသောပန်းကို လူတို့ မပန်ကြသကဲ့သို့ဖြစ်သည်။ ပညာကိုလေ့လာရာတွင်လည်း ပေါ့ပေါ့ဆဆ လေ့လာလိုက်စားခြင်း မပြုသင့်ပေ။ ပန်းကလေးများကိုခူးလျှင်

mgyoe.com

mgyoe.com


ပွင့်ဖတ်၊ ပွင့်ချပ်၊ ဝတ်မှုန်ဝတ်ဆံကလေးများ ကြွေမသွားအောင် အလှပျက်မသွားအောင် ဂရုတစိုက်မြတ်နိုးစွာ ခူးသကဲ့သို့၊ ပညာကိုလည်း မြတ်နိုးစွာ ဂရုတစိုက် လေ့လာဆည်းပူးသင့်ပေသည်။ ပညာပြည့်ဝမှလည်း လောကအလယ် တင့်တယ်စွာ ရပ်တည်နိုင်ပေမည်။

မြန်မာ့နယ်ပယ်တွင် "ပညာရွှေအိုး လူမခိုး၊ ပညာသည် မြတ်ရွှေအိုး၊ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာလိုသော်မပျင်းနှင့်၊ ပညာမရှိသူ့ဝန်ထမ်း "စသည့် စကားပုံဆိုရိုးများက ပညာ၏တန်ဖိုး၊ ပညာ၏အကျိုး၊ ပညာမဲ့ခြင်း၏အပြစ်နှင့် ပညာရှာဖွေလိုစိတ်များကို အသိပေးထားခြင်းဖြစ်သည်။ ပညာဖြင့် အသက်မွေးသူ၏ အသက်ရှင်ခြင်းသည် မြတ်သော အသက်ရှင်ခြင်း ဖြစ်သည်ဟု ရှင်မဟာသီလဝံသက မိန့်ဆိုထားပါသည်။ ပညာမရှိလျှင် အမှားအမှန် မဝေခွဲနိုင်၊ မိုက်မဲမှုနှင့်ကြုံရမည်။ ပညာရှိမှသာ ကိစ္စတိုင်း၏ အကြောင်းအရာဇာစ်မြစ်ကို အမှန်အတိုင်း သိမြင်နိုင်သည်။ ပညာသဘောသည်ကား ပင်လယ်ပြင်ပမာ ကျယ်ဝန်းနက်ရှိုင်းလှသည်။ ပညာသင်ခါစ "ပညာရှာပမာ သူဖုန်းစား "ဆိုသော အောက်ကျို့ ပညာဆည်းပူးခြင်းသည်လည်းကောင်း၊ အရက်အကြောက်ပယ်၍ ပညာဆည်းပူးခြင်းသည်လည်းကောင်း၊ "ပညာရှိနှင့် တစ်ထိုင်မျှ စကားဆိုရခြင်းသည် တစ်လစာဖတ်သည်နှင့်တူ၏ "ဟူသော တရုတ်စကားပုံသည်လည်းကောင်း၊ "ပညာသည် စာအုပ်ထဲတွင် ရှိသည်မဟုတ် စာအုပ်ကိုကျော်၍ ဖြည့်နိုင်စွမ်းရှိရမည် "ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏အဆိုအမိန့်သည်လည်းကောင်း၊ အတတ်ပညာအဖြာဖြာ လမ်းညွှန်ပြသမှုများ ဖြစ်သည်။

ပညာ၏သဘောသဘာဝကို သိနေသော ကျွန်ုပ်တို့၏ အိမ်ဘေးနားက အစ်ကိုကြီးတစ်ဦးအမည်မှာ မောင်လှမောင်ထွေးဖြစ်သည်။ သူသည် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်နိုင်သူဖြစ်သည်။ သူသည် တက္ကသိုလ်ဝင်စာမေးပွဲကို ကြိုးစားသော်လည်း တစ်နှစ်ပြီးတစ်နှစ် စာမေးပွဲကျရှုံးသည်။ သို့သော်လည်း မလျှော့သောအားမာန်ဖြင့်ကြိုးစားရာ ငါးနှစ်မြောက်တွင် အောင်မြင်ခဲ့သည်။ အချို့ဆိုလျှင် ၂ နှစ်၊ ၃ နှစ် စာမေးပွဲကျလျှင် ထိုစာမေးပွဲကို ဖြေတော့မည်မဟုတ်။ အစ်ကိုကြီးကတော့ ပညာရှိမှလူရာဝင်မည်။ ပညာရှိမှ တိုးတက်မည်ဟုသိသည်။ သိသောကြောင့် စိတ်မပျက်ဘဲ ကြိုးစားသည်။ ကြိုးစားသောကြောင့် အောင်မြင်မှုရခဲ့သူဖြစ်သည်။ အစ်ကိုကြီးမောင်လှမောင်ထွေး၏ အကြောင်းကား ပညာ၏လေးနက်မှု၊ ပညာ၏တန်ဖိုး၊ ပညာသည်ကြိုးစားလျှင် မလွဲမသွေ အောင်မြင်မှုရသည်ဟူသော သဘောကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


"ပညာသမာ အာဘာနတ္ထိ" ဟူသည်မှာ ပညာနှင့်တူသော အလင်းရောင် မရှိဟု မြတ်စွာဘုရားမှ ဟောကြားတော်မူခဲ့ပါသည်။ "မီးရောင်၊ လရောင်၊ နေရောင်၊ ဉာဏ်ရောင်လွှမ်း၍မိုး" ဟုဆိုသကဲ့သို့ လမင်းသည် ညဉ့်သာ လင်းနိုင်သည်။ နေမင်းသည် နေ့ချိန်၌သာ လင်းနိုင်သည်။ ပညာရှင်များ အစဉ်ထာဝရ ထွန်းပချေသည်။ ထို့ကြောင့်လည်း အလင်းရောင်တကာတို့တွင် ပညာအလင်းရောင်သည်သာ အလင်းလက် အတောက်ပြောင်ဆုံးပင်ဖြစ်သည်။ ပညာပြည့်ဝလေ၊ နှလုံးလှလေဟူသော စကားအရ ပညာပြည့်ဝလေ ကောင်းကျိုးတရားများ ခံစားရလေဖြစ်သည်။ ပညာသည်မကောင်းသော အမိုက်မှောင်ကို ပယ်ခွာနိုင်သည့်သဘောရှိသည်။ ထို့ကြောင့် အလွန်မွန်မြတ်လှသော ပညာသည် လူ့ဘဝတစ်ခုလုံးကို ရှေ့ဆောင်နေသည်။ ထို့ကြောင့် လူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်းကို ရှေ့ဆောင်လမ်းပြပေးနေသော ပညာသည် ကုန်သွားသည်ဟူ၍ မရှိပါ။ လူဟူ၍ ဖြစ်လာပြီးလျှင် အောင်မြင်သောလူ့ဘဝကို တည်ဆောက်လိုလျှင် ပညာကိုရအောင် ရှာ၍ ပညာဖြင့်အရင်းပြုကာ ပညာ၏ရှေ့ဆောင်မှုဖြင့် ဘဝအောင်လံကို ဆွတ်ခူးနိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပညာကို အချိန်မရွေး အရွယ်မရွေး လေ့လာဆည်းပူးရမည်သာဖြစ်သည်။ လူမှုကိစ္စဟူသမျှတွင် ပညာကို ရှေ့ဆောင်ရှေ့ရွက်ပြုကာ ဆင်ခြင်တိုင်းထွာပြုကျင့်ပါက အောင်မြင်မည်ဖြစ်သည်။ မကောင်းမှုရှောင် ကောင်းမှုဆောင်ကာ စိတ်ကိုဖြူအောင်ထားသင့်သည်။ ဘဝတွင် အဓိကသော့ချက်ဖြစ်သော ပညာဖြင့်လှပသောဘဝကို ဆောက်နိုင်ပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပညာကို အလေးအမြတ်ထားကာ ကြိုးစားရှာဖွေသင်ယူသင့်ပါသည်။

❖

mgyoe.com

mgyoe.com

# ဘုရားဖူးခရီးတစ်ခေါက်

- အားလပ်ရက်တစ်ရက်တွင် ဘုရားဖူးခရီးထွက်ပုံ
- အတူလိုက်ပါသူများ
- ခရီးသွားသည့်အစီအစဉ်
- သွားဖူးသည့်ဘုရားအကြောင်းကို လမ်းမှာတွေးမိပုံ
- လမ်းခရီးမြင်ကွင်းများ
- ဘုရားသို့ရောက်ပုံ
- ဘုရားပတ်ဝန်းကျင်မြင်ကွင်းများ
- အခြားဘုရားဖူးများ
- အမှတ်တရအကြောင်းတစ်ခု
- ဘုရားဖူးပြီးပျော်ရွှင်စွာပြန်လာပုံ

mgyoe.com

mgyoe.com

# ဘုရားဖူးခရီးတစ်ခေါက်

ကျော်စိုးဟန်

ခရီးသွားခြင်းသည် လူသားတိုင်းအတွက် အကျိုးရှိပါသည်။ စိတ်ကို အမောပြေစေသည်။ ရွှင်လန်းစေသည်။ ဗဟုသုတလည်းရသည်။ သို့ရာတွင် ဘုရားဖူးခရီးထွက်ခြင်းသည် "ကုသိုလ်လည်းရ ဝမ်းလည်းဝ" ဆိုသည့်အတိုင်း ဘုရားဖူးသည့်အတွက် ကုသိုလ်ရပြီး ခရီးထွက်ရသည့်အတွက် ဗဟုသုတလည်းရသည်။ ကျွန်တော်သည် ရန်ကုန်သားဖြစ်သော်လည်း ကျွန်တော်၏အဖေသည် မြင်းခြံမြို့တွင် တာဝန်ကျသောကြောင့် ကျွန်တော့်အမေနှင့် ညီမလေးသည် မြင်းခြံမြို့သို့ ကျောင်းအားလပ်ရက်တွင် သွားရောက်နေထိုင်ကြသည်။ ယခုနှစ် ၂၀၀၉ ခုနှစ် သင်္ကြန်ကာလအတွင်း ဖေဖေသည် မန္တလေးသို့ဘုရားဖူးသွားရန် စီစဉ်ခဲ့သည်။ ထို့ကြောင့် သင်္ကြန်အကြိုနေ့တွင် မြင်းခြံမှမန္တလေးသို့ ဘုရားဖူးခရီးထွက်ခဲ့သည်။

လိုက်ပါသူများမှာ ကျွန်တော်တို့မိသားစုသာမဟုတ်ပေ။ ဖေဖေ၏တပည့် မိသားစုလည်းပါဝင်သည်။ ခရီးသွားသောကားသည် ဟိုင်းလတ်ကားမျိုးဖြစ်၍ ထိုင်ရသည်မှာလည်း အဆင်ပြေသည်။ ဖေဖေ့တပည့်သည် သူ၏သမီးနှစ်ယောက်နှင့် မိန်းမကိုပါခေါ်ခဲ့သည်။ ဤသည်မှာ စိတ်ရှုပ်စရာကောင်းသောကိစ္စဖြစ်သည်။ သို့သော် ဖေဖေ့ကိုကြောက်သောကြောင့် ဘာမှ ပါဝင်ပတ်သက်၍ အထွေအထူး မပြောလိုပါ။ ထို့ကြောင့် ကားပေါ်တွင် ငြိမ်ငြိမ်လေးသာလိုက်လာခဲ့သည်။

ခရီးအစီအစဉ်မှာ ကျွန်တော်တို့သည် မြင်းခြံမှစစ်ကိုင်း၊ စစ်ကိုင်းမှမန္တလေး၊ မန္တလေးမှပြင်ဦးလွင်သို့ ဘုရားဖူးထွက်ပြီး ပြင်ဦးလွင်မှ မြင်းခြံသို့ ပြန်မည်ဖြစ်သည်။ မန္တလေးတွင် တစ်ည၊ ပြင်ဦးလွင်တွင် နှစ်ညတည်းခိုခဲ့သည်။ မြင်းခြံမှစစ်ကိုင်းကို

mgyoe.com

mgyoe.com


နှစ်နာရီကျော်ကျော်သာမောင်းရသည်။ မြင်းခြံမှစထွက်ချိန်သည် ခြောက်နာရီပတ်ဝန်းကျင်လောက်ရှိပြီဖြစ်သည်။

လမ်းခရီးတွင် ယခင်နှစ်က မန္တလေးသို့ အလည်အပတ်သွားရောက်ရင်း မဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ကြည်ညိုခဲ့ရသည်ကို ပြန်လည်သတိရမိသည်။ ယခင်နှစ်ခရီးစဉ်သည်လည်း သင်္ကြန်ကာလတွင်းသာဖြစ်သည်။ သင်္ကြန်ဖြစ်သောကြောင့် ဘုရားပေါ်အတက်တွင် ရေများစိုရွှဲနေခဲ့သည်။ မဟာမြတ်မုနိဘုရားကြီးသည် ဉာဏ်တော်မြင့်ကြောင်း၊ ထုထည်ကြီးမားကြောင်း၊ တန်ခိုးကြီးကြောင်းကို လမ်းတွင် တွေးမိကာ ဘုရားဖူးထွက်ရသည်ကို ကျေနပ်လှပါသည်။

လမ်းခရီးမြင်ကွင်းများမှာ အလွန်ကြည်နူးဖို့ကောင်းပါသည်။ သို့သော် အောက်ပြည်အောက်ရွာကဲ့သို့ မြစိမ်းရောင်ပမာ စပါးခင်းများမရှိဘဲ ရေသွင်းစပါးများသာရှိသည်။ မြင်ကွင်းမှာ အလွန်ပင်ကွာခြားလှပေသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသများသည် မိုးခေါင်ရေရှားသောကြောင့် မြင်ကွင်းများမှာ ခြောက်သွေ့လှပေသည်။ သို့သော်လည်း ထနောင်းပင်၊ ထန်းပင်၊ ကွမ်းပင်၊ ဆီးပင်နှင့်အခြား အပူပိုင်းဒေသပေါက်အပင်များက ထိုဒေသများကို အလှဆင်နေပေသည်။

ကျွန်တော်တို့စစ်ကိုင်းကိုအရင်ဝင်ပြီးမှ မန္တလေးသို့ရောက်သောကြောင့် ထမင်းစားချိန်နှင့် နီးကပ်နေပြီ။ ထို့ကြောင့် မန္တလေးရှိ ရှမ်းမမတွင် ထမင်းစားပြီး မဟာမြတ်မုနိဘုရားကြီးကို မနည်းလိုက်ရှာခဲ့ရသေးသည်။ တော်တော်ကြာခဲ့သည်။ မန္တလေးမြို့၏ လမ်းများသည် မသွားတတ်အောင်ပင် ရှုပ်လှသည်။ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်မှ ဘုရားကြီးသို့ရောက်သွားသည်။ နောက်ကျသော်လည်း ကိစ္စမရှိပေ။ ထိုနေ့တွင် မန္တလေးမြို့တွင်း၌သာ တည်းခိုမည်ဖြစ်သည်။ ဘုရားကြီး၏ ရင်ပြင်တော်ပေါ်သို့ရောက်ရောက်ချင်း ဘုရားကြီးရှိရာသို့ အမြန်ပြေးသွား၍ ဘုရားကို မိသားစုများအတွက် ဦးစွာဘုရားရှိခိုးပြီးမှ ရွှေသင်္ကန်းရောင်းရာဌာနတွင် ဖေဖေနှင့်အတူ ရွှေသင်္ကန်းများကိုဝယ်ယူပြီး ဘုရားကြီးအားကပ်လှူခဲ့သည်။ ပြီးမှ ဘုရားမှ ရင်ပြင်မှဆင်းပြီး အမောအပန်းဖြေခဲ့သည်။

ဘုရားရင်ပြင်နှင့်ဝန်းအတွင်း ဘုရားဖူးများနှင့် အလွန်စည်ကားလှသည်။ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ပုံမှန်ထက်ပို၍စည်ကားလှသည်။ ၎င်းမြင်ကွင်းများသည် စိတ်ကိုအေးမြစေသည်။ ဘုရားဖူးများသည် တန်ဆောင်းများတွင်လည်း စည်ကားလှသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများလည်းရှိသည်။ မြန်မာ့သမိုင်းကို အထူးစိတ်ဝင်စားသူ နိုင်ငံခြားသားများကို တွေ့ရသည်။

mgyoe.com

mgyoe.com

ယခုအထိ အမှတ်တရဖြစ်နေရသည့် ဖြစ်ရပ်တစ်ခုမှာ ဘုရားကြီးတွင် ရွှေသင်္ကန်းကပ်နေချိန်တွင် ပလ္လင်တော်မှအောက်သို့ ပြုတ်မကျရန် သတိထားနေသည့်ကြားမှ ခြေချော်၍ပြုတ်ကျမလို ဖြစ်သွားခဲ့သည်။ အတော်လန့်သွားသည်။ ထိုအချိန်တွင် အတွေးတစ်ခုပေါ်လာခဲ့သည်။ ကျွန်တော်သည် ကံကောင်း၍ပြုတ်မကျခဲ့ပေ။ အကယ်၍အကုသိုလ်လုပ်နေချိန်ဆိုလျှင် ပြုတ်ကျသွားမည်မှာ မလွဲဧကန်ပေ။

နောက်တစ်နေ့မနက်တွင် ပြင်ဦးလွင်သို့ ခရီးဆက်ခဲ့ကြသည်။ ပြင်ဦးလွင်တွင် နှစ်ညအိပ်ခဲ့ပြီး သင်္ကြန်အတက်နေ့တွင် မြင်းခြံသို့ပြန်လာခဲ့သည်။ ဘုရားဖူး၍ပြန်လာသောကြောင့် အခြားခရီးသွားခြင်းထက် တစ်မူထူးခြားနေသည်။ စိတ်ထဲမှာလည်း ပျော်ရွှင်ပြီးကြည်နူးမိပါသည်။ မြင်းခြံမြို့သို့ ပြန်ရောက်သည့်အထိ တိုင်အောင် ခရီးတွင် ဖြစ်ပျက်ခဲ့သမျှကို ပြန်လည်မြင်ယောင်နေခဲ့သည်။ ယခုလည်း ပြန်လည်မြင်ယောင်ဆဲဖြစ်သည်။ ထို့ကြောင့် နောင်ကျောင်းပိတ်ရက်များတွင် ဘုရားဖူးခရီးကို ရွှေစက်တော်ဘုရားသို့သွားရန် ဖေဖေ့ကိုတိုက်တွန်းဦးမည်ဖြစ်သည်။ ယခုအခါ ခရီးသွားလျှင် ကျွန်တော်တို့မိသားစု တစ်ခုတည်းသာသွားရန် မျှော်လင့်မိပေသည်။

❖

mgyoe.com

mgyoe.com

# လှပသာယာပြည်မြန်မာ

– မြန်မာနိုင်ငံသည် သဘာဝအလှ၊ တည်ဆောက်ပြုပြင်မှုအလှများဖြင့် ပြည့်နှက်ပုံ
– မြန်မာ့သဘာဝအလှများဖြစ်သော တောတောင်ပင်လယ်ကမ်းခြေ သဘာဝရှုခင်းများ
– လယ်ယာစသည့်စိုက်ပျိုးရေးဆိုင်ရာ ရှုခင်းများ
– လမ်း၊ တံတားစသည့်အဆောက်အအုံရှုခင်းများ
– ဘုရား၊ စေတီစသည့် ဘာသာရေးရှုခင်းများ
– စိမ်းလန်းစိုပြည်သာယာလှပခမ်းနားထည်ဝါပုံ
– မိမိအမြင်နှင့်ခံစားချက်

mgyoe.com

mgyoe.com

# လှပသာယာပြည်မြန်မာ

ငွန်သိဂိုထွန်း

မြန်မာပြည်သည် ကျွန်ုပ်တို့ကို မွေးဖွားပေးသည့် မိခင်မြေဖြစ်ပါသည်။ ချစ်ခြင်းတရား၊ မေတ္တာတရားနှင့် ပြည့်စုံနေသော မြန်မာပြည်၏အလှသည် အခြားဖွံ့ဖြိုးပြီးသော နိုင်ငံကြီးများကဲ့သို့ ဝင့်ကြွားထည်ဝါသော အလှမျိုးတော့ မဟုတ်ချေ။ ကျွန်ုပ်တို့မြန်မာပြည်၏ နေရာတိုင်းသည် ယဉ်ယဉ်လေးနှင့် မြင်သမျှလှပနေလေသည်။ ထို့ကြောင့်လည်း ကမ္ဘာ့မြေပုံပေါ်တွင် အလှပဆုံးနေရာကို ပြပါဆိုလျှင် ကျွန်ုပ်တို့၏ မွေးသမိခင်မြန်မာပြည်ကိုသာ ညွှန်ပြရပေလိမ့်မည်။

"ပြည်ထောင်စုမြန်မာနိုင်ငံ"ဟူသည့်အတိုင်း ပြည်နယ်နှင့်တိုင်း (၁၄)ခုကို စုစည်းတည်ထောင်ထားသော မြန်မာနိုင်ငံဖြစ်ရကား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ချစ်ကြည်ညီညွတ်စွာ တည်ဆောက်ထားသော ရွှေရောင်တဝင်းဝင်း၊ ထုံးဖြူဖြူ စေတီပုထိုးဘုရားများ၊ စုလစ်မွမ်းချွန်တို့ဖြင့် ရာဇဝင်တွင်သောနန်း၊ မြို့ရိုး၊ ပြာသာဒ်၊ တန်ဆောင်းများ စိမ်းစိုကျယ်ပြောသော လယ်ကွင်းပြင်ကြီးများ၊ တသွင်သွင် စီးဆင်းနေသော မြစ်ချောင်းများ၊ သဘာဝအင်းအိုင်ကြီးများ၊ မှိုင်းညို့ညို့ တောင်တန်းကြီးများနှင့် လှိုင်းမို့မို့ ပင်လယ်ကမ်းခြေများ စသည့်လှပတင့်တယ်သော ရှုခင်းရှုကွက်များဖြင့် နေချင့်စဖွယ် ဗိမာန်ကြီးတစ်ခုပင်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး လက်တွဲညီညီရှေ့သို့ ချီတက်လျက်ရှိကြသည်။ မြေပြန့်နှင့်တောင်ပေါ်၊ မြစ်ဝကျွန်းပေါ်နှင့် မြစ်ဖျားဒေသ၊ တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် "ကူးလူးဆက်သွယ် ချစ်ကြိုးသွယ်"နိုင်စေရန် တောင်တွေ့လျှင် လမ်းဖောက်၊ မြောင်းတွေ့လျှင် တံတားဆောက်၊ "မြစ်ကိုတွေ့လျှင်–

mgyoe.com

mgyoe.com

တံတားဆင်မည်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"ဟူသည့်အတိုင်း ယခုအခါ မြန်မာနိုင်ငံ၏ မည်သည့်မြစ်တွင်မဆို ခိုင်ခံ့ကြီးမားသော ကွန်ကရစ်တံတားကြီးများ၊ ကတ္တရာလမ်းများ စသည်ဖြင့် အသုံးပြုကာ သွားလာဆက်သွယ်နေကြပါလေပြီ။ ယခင် ထိုတံတားများ၊ လမ်းများမရှိစဉ်အခါက တောတောင်ရေမြေကို အခက်အခဲများစွာဖြင့် ကျော်ဖြတ်ခဲ့ကြရပါသည်။ ယခုဆိုလျှင် ဤသို့အခက်အခဲများနှင့် ရင်မဆိုင်ရတော့ပေ။ ထို့ကြောင့်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် သဘာဝအလှသာမက တည်ဆောက်ပြုပြင်ရေး အလှများဖြင့်လည်း လှပနေပါတော့သည်။

ကျွန်ုပ်တို့အမိမြေတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော ပြည်နယ်ခုနစ်ခု၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီဟူသော တိုင်းခုနစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။ ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်ကြီး၏ ဆီးနှင်းဖုံးလွှမ်းနေသောအလှ၊ မေခ၊ မလိခ မြစ်နှစ်သွယ်ပေါင်းစုံသည့် မြစ်ဆုံအလှအမိမြေ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်ကို အလျားလိုက်စီးဆင်းကာ မြစ်ကြောများဖြာ၍ မေတ္တာရေများ ဝေငှနေပေသည်။

ကယားတို့ဌာနေ ငွေတောင်ပြည်တွင် တောင်ကွဲစေတီကို ကြည်ညိုဖူးမြော်နိုင်သကဲ့သို့ လောပိတရေအားလျှပ်စစ်စက်ရုံရှိရာ ဘီလူးချောင်းရေတံခွန်အလှကိုလည်း ရင်သပ်ရှုမောဖွယ် တွေ့မြင်နိုင်ပါသည်။ ဖွဲကပင်တောင်၏ သာယာလှပပုံနှင့် သံလွင်မြစ် စီးဆင်းရစ်ခွေနေပုံတို့ကို ကရင်ပြည်နယ်၏အလှကို ပို၍လှပစေပါသည်။ ချင်းပြည်နယ်ရှိ အသည်းပုံ 'ရိ'ရေကန်နှင့် ချင်းတောင်တန်းတို့၏အလှကို ဆင့်ကဲပိုစေသည်မှာ နီ၊ ဝါ၊ ဖြူ တောင်ဇလပ်ပန်းတို့၏ သဘာဝအလှပင်ဖြစ်သည်။ မွန်တို့ဌာနေရာမညရှိ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေအလှမှာလည်း ထင်ပေါ်ကျော်ကြားလှသည့်အပြင် ကျိုက်ထီးရိုးစေတီမှာလည်း အံ့ဩဖွယ်ရာ ဘုရားတစ်ဆူ ဖြစ်ပါသည်။ မွန်တိုင်းရင်းသားတို့၏ အကအလှသည်လည်း မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်သည်နှင့်အညီ ငပလီနှင့် ကမ်းသာယာကမ်းခြေတို့၏ အလှသည် ဆန်းသစ်သော အမြင်အာရုံကို ပေးစွမ်းနိုင်ပေသည်။ ငပလီကမ်းခြေ၏အလှသည် မြန်မာတွင်သာမက ကမ္ဘာတွင်လည်း ထင်ရှားသည်ဟုဆိုပါသည်။ တောင်များပတ်လည် ဝန်းရံလျက်ရှိသော အင်းလေးကန်ကို ရှမ်းပြည်နယ်တွင် တွေ့မြင်နိုင်ပါသည်။ သံလွင်မြစ်ကြီးသည်လည်း တရုတ်နိုင်ငံတွင်မြစ်ဖျားခံ၍ ရှမ်းပြည်နယ်တွင် စီးဆင်းနေပါသည်။

mgyoe.com

mgyoe.com


"မြန်မာပြည်၏စပါးကျီ"ဟုခေါ်ဝေါ်သမုတ်သော မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဧရာဝတီတိုင်းတွင် တည်ရှိသော ငွေဆောင်နှင့် ချောင်းသာကမ်းခြေတို့မှာလည်း အထူးထင်ရှားကျော်ကြားလှပေသည်။ မြန်မာနိုင်ငံ၏အလယ်ပိုင်းဒေသ၊ မန္တလေးတိုင်းတွင် ရှေးယခင်က မီးတောင်ဖြစ်ခဲ့ဖူးသော ပုပ္ပားတောင်ကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် ပုပ္ပားတောင်ဥယျာဉ်တွင် စိုက်ပျိုးထားသော ဆေးဖက်ဝင်အပင်များကိုလည်း လေ့လာနိုင်ပါသည်။ ထို့ပြင် မြန်မာရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပုဂံမြို့တွင်လည်း ဘုရားစေတီများကို သပ္ပာယ်စွာ ဖူးမြော်နိုင်ပါသည်။ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးမှာလည်း အထူးထင်ရှားလှပါသည်။

ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးဖြစ်သော မင်းကွန်းခေါင်းလောင်းကြီးကိုလည်း စစ်ကိုင်းတိုင်းတွင် တွေ့မြင်နိုင်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးမှာလည်း နိုင်ငံခြားသားများပင် အံ့သြချီးကျူးရသော စေတီကြီးပင် ဖြစ်ပါသည်။ ပဲခူးတိုင်း၊ ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီ၊ တောင်ငူမြို့ရှိ ရွှေဆံတော်ဘုရားတို့မှာလည်း အထူးထင်ရှားကျော်ကြားလှပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ ဒေသအလိုက်သင့်တော်သည့်အပင်များကို စိုက်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အဓိကအာဟာရဖြစ်သော ဆန်စပါးကိုမူ အများဆုံးစိုက်ပျိုးကြပါသည်။ ယခင်က မြေရိုင်းနေရာများတွင် ယခုတိုးချဲ့၍ စိုက်ခင်းများဖြစ်လာပေပြီ။ နိုင်ငံတော်အစိုးရ၏ ကူညီမှုဖြင့် စက်မှုဝန်ကြီးဌာနမှ ခေတ်မီစိုက်ပျိုးရေး စက်ကိရိယာများကို အသုံးပြုကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလာပါသည်။ မြန်မာ့မြေကြီးတွင် သီးနှံတို့ ရယ်မောကာ မြူးထူးပျော်ရွှင်ကြသည့် ခေတ်အခါသို့ရောက်လာပါပြီ။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် စပါးစိုက်ပျိုးရာ မြကမ္ဘလာခင်းထားသည့်နှယ် စိမ်းစိုနေသည်။ စပါးများ ရွှေဝါရောင်သမ်းလာသောအခါ လေတိုက်တိုင်း ကိန္နရီကသည့်အလား ဖြစ်နေပါသည်။ မြန်မာ့ရေမြေတွင် ရှိသည့်အလှတရားကား စာဖွဲ့၍ မဆုံးနိုင်အောင် များလှပါသည်။

စီးပွားရေးအခြေခံတောင့်တင်းသော မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ ပြည်တွင်းလုပ်ငန်းများမှာ အကျိုးအမြတ်များစသည်တို့ကို လုပ်အားပေးနေသော စက်ရုံများမှ ယန္တရားကြီးများကလည်း မှန်မှန်လည်ပတ်နေပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးသည့်အတွက် စက်ရုံထောင်သောင်းမက ကြီးကျယ်ခမ်းနားသော နိုင်ငံတကာအဆင့်မီ စက်ရုံကြီးများ အလုပ်

mgyoe.com

mgyoe.com


ရုံကြီးများလည်း ရှိပါသည်။ ထို့ကြောင့်လည်း ယခုအခါ မြန်မာနိုင်ငံသည် ကမ္ဘာနှင့် အပြိုင် ရင်ပေါင်တန်းနေပြီဖြစ်သည်။

ဒေသအလိုက် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် နိုင်ငံတော်က လမ်းများ၊ တံတားကြီး များ ဖောက်လုပ်တည်ဆောက်ခြင်း စသည့်များတွင် ပြည်သူလူထုနှင့်အတူ တပ်မတော်သားများကလည်း အင်တိုက်အားတိုက် အကောင်အထည်ဖော် လုပ် ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ တံတားကြီးများကိုကြည့်လျှင် တောင်အထပ် ထပ် တောအထပ်ထပ်များကိုဖြတ်သန်းကာ ဖောက်လုပ်ထားသော ငွေရောင် ခြည်တံတားကြီးများက၊ မြစိမ်းရောင် မြစ်ကြီးများအပေါ်တွင် ခံ့ညားထည်ဝါစွာ တည်ရှိနေပေသည်။

သင့်တင့်သောရာသီဥတု၊ တောတောင်ရေမြေ၊ သဘာဝပန်းမန်တို့ဖြင့် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာသည်လည်း အစဉ်စိမ်းစိုသာယာနေပါသည်။ မြန်မာ နိုင်ငံသည် သစ်ပင်ပေါများရာ နိုင်ငံဖြစ်သည့်အတွက် ထိုသစ်ပင် မြေဆီလွှာ၊ နုန်း မြေများ၊ တောင်များက ရာသီဥတုဒဏ်ကို ကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ် တို့နိုင်ငံသည် ရာသီဥတုကောင်းရုံသာမက သဘာဝအလျောက် ပေါက်ရောက်နေ ကြသောပန်းများ၊ ပရဆေးပင်များ၊ အလှပန်းများ အဖိုးတန် သစ်တောများ စသည် ဖြင့် ပန်းများ ပေါကြွယ်ဝရာ နိုင်ငံလည်းဖြစ်ပါသည်။ ထို့ပြင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ဘုရား၊ ပုထိုး၊ ကျောင်းကန်တို့၏ ကြည်ညိုဖွယ်ရာ အလှများကြောင့် မြန်မာနိုင်ငံသည် ဘုရား၊ တရား ပေါကြွယ်ဝရာ နိုင်ငံဖြစ်သည်ဟု လည်း ခေါ်ဆိုနိုင်ပါသည်။

ထို့ကြောင့် မြန်မာပြည်၏သဘာဝအလှ၊ တည်ဆောက်ပြုပြင်မှုအလှများ၊ သဘာဝအလှများဖြစ်သော တောတောင်ရေမြေအလှ၊ ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခု တို့ရှိရာ ထင်ကရနေရာများ၊ စိုက်ပျိုးရေးဆိုင်ရာ ရှုခင်းများ စသည်တို့ဖြင့် ပြည့်စုံ ကြွယ်ဝသော မြန်မာနိုင်ငံတော်ကြီးများကို မိခင်အရင်းပမာ ခိုင်းနှိုင်းလျှင် လွန်အံ့မည် မထင်ပါ။ ကျွန်ုပ်တို့နိုင်ငံသားများအတွက် စားစရာဆန်ရေစပါးကိုပေး၏။ ထို့ ကြောင့် အအေးမြဆုံးသော ခိုနားရာနေရာဖြစ်သည့် မြန်မာ့အလှကိုလည်း စာစီ၍ မမီနိုင်တော့ပေ။ သို့ပါသောကြောင့် ပြာလွင်သန့်ရှင်းသော မိုးကောင်းကင်အောက် တွင် အလှပဆုံးပြည်ကို ပြောရမည်ဟုဆိုလျှင် ကျွန်ုပ်ကား အမိမြေပြည်ကြီးဟုသာ ဂုဏ်ယူဝင့်ကြွား ဟစ်ကြွေးလိုက်ချင်ပါတော့သည်။

❖

mgyoe.com

mgyoe.com

# ရိုင်းပင်းကူညီလိုစိတ်

ငွန်သိရိတ္ထွန်း

လူသည် အစုအဝေးနှင့်နေသော သတ္တဝါဖြစ်သည်။ တစ်ဦးတစ်ယောက်တည်းလည်း သီးသန့်ရပ်တည်၍မရပေ။ ထို့ကြောင့် 'မိသားစု၊ အသင်းအဖွဲ့၊ တိုင်းနိုင်ငံ'စသည်တို့ရှိလာခြင်းဖြစ်သည်။ လူ့ယဉ်ကျေးမှုမထွန်းကားမီအချိန်ကပင် လူရိုင်းတို့သည် အစုအဖွဲ့နှင့် အမဲလိုက်လေ့ရှိကြောင်း သိရပါသည်။ ပညာသင်ကြားလိုသူ အများအပြား စုမိသောအခါ 'ကျောင်း' ဖြစ်လာပါသည်။ ကမ္ဘာပေါ်တွင် ဖြစ်တည်လျက်ရှိသောအရာတိုင်းသည် တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်ချက်၏ အကျိုးတရားများမဟုတ်ပေ။

လူ့လောကကိုဖြန့်ကြက်ကြည့်လျှင် အတ္တကဲသောလုပ်ရပ်များကိုသာ အထင်အရှား၊ အများအပြားတွေ့နိုင်ပြီး ပရဟိတလုပ်ရပ်များကား မထင်မရှား၊မှေးမှေးမှိန်မှိန်ရှိလှသည်။ တစ်ဦး၏အခက်အခဲကို တစ်ဦးကကူညီရိုင်းပင်းရန်အတွက် ပဓာနအကျဆုံးအရာမှာ ကိုယ်ချင်းစာစိတ်ပင်ဖြစ်သည်။ ကိုယ်ချင်းစာစိတ် ခေါင်းပါးလျှင် ကူညီရိုင်းပင်းလိုစိတ်လည်း မရှိတော့ပေ။

ဥပမာအားဖြင့် သစ်ပင်ကြီးငယ်များ အစီအရီ ပေါက်ရောက်နေသော တောကြီးထဲမှ သစ်ပင်တစ်ပင်သည် တစ်ပင်တည်းသော သစ်ပင်ထက် မိုးဒဏ်၊ လေဒဏ်များမှ ပို၍လွတ်ကင်းသက်သာစေနိုင်သကဲ့သို့ အများကြား၌ လိုက်လျောညီထွေ ဆက်ဆံနေထိုင် သူတစ်ဦးအဖို့လည်း မလိုလားအပ်သောပြဿနာ၊ အန္တရာယ်အသွယ်သွယ်မှ လွတ်ကင်းသက်သာနိုင်ပါသည်။ ထို့ကြောင့် လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီလိုစိတ်ထားသင့်ပါသည်။

mgyoe.com

mgyoe.com

လူ့လောကတွင် ရိုင်းပင်းကူညီလိုစိတ်ရှိခြင်းကြောင့် ကောင်းကျိုးရသည့် ကိုယ်တွေ့သာဓကတစ်ခု ရှိပါသည်။ ၎င်းမှာ မြန်မာ့သမိုင်းတွင် လူတိုင်းမမေ့မရသည့် နေ့တစ်နေ့ ရှိပါသည်။ ထိုအဖြစ်အပျက်မှာ မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရသည့် ပုံပြင်ကလေးတစ်ပုဒ်အသွင် ရှိခဲ့ပါသည်။ ထိုပုံပြင်လေးမှာ ၂၀၀၈ ခုနှစ်၊ မေလ ၂ရက်နေ့များတွင် ဖြစ်ပွားခဲ့သော အိန္ဒိယလို နာဂစ်ဟု အမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းကြီး မွှေနှောက်သွားခဲ့သောနေ့ပင် ဖြစ်ပါသည်။

၎င်းမုန်တိုင်းကြီးသည် ဧရာဝတီမြို့နယ် (၇) မြို့နယ်နှင့် ရန်ကုန်မြို့သို့ တည့်တည့်မတ်မတ် ဖြတ်ကျော်တိုက်ခတ်ခဲ့ပါသည်။ ယင်းမုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင် မကြုံစဖူးပြောစမှတ်ပြုလောက်အောင် ဂယက်ရိုက်ခဲ့ပါသည်။ မုန်တိုင်းတိုက်ပြီးနောက် အပင်များ၊ အိမ်များ၊ ဓာတ်တိုင်များ၊ အဆောက်အအုံများရှိ ခေါင်မိုးများပြိုကျပျက်စီးခဲ့ပါသည်။ ဓာတ်ကြိုးများပြတ်ကျ၊ ပြုတ်ကျသွားခဲ့သဖြင့် မီးများလည်း ပြတ်သွားခဲ့ပြီး ဖုန်းကြိုးများလည်း ပြတ်တောက်သွားခဲ့ပါသည်။

ထိုပျက်စီးသွားသည်များကို မုန်တိုင်းဒဏ်ခံရသော ဒေသများသို့ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုဝန်ကြီး၊ အသင်းအဖွဲ့များက ရိုင်းပင်းကူညီကာ လေဘေးသင့်ပြည်သူများအား မိသားစုသဖွယ် အနီးကပ် ကူညီစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထို့အပြင် တပ်မတော်၊ စည်ပင်၊ ရဲ၊ မီးသတ်၊ ကြက်ခြေနီ၊ ပြည်သူများပူးပေါင်း၍ အပျက်အစီးများကို သုတ်သင်ရှင်းလင်းခဲ့သည့် ကူညီရိုင်းပင်းသည့် စိတ်ပင်ဖြစ်ပါသည်။

ထို့မျှမက ပြည်ပနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ကိုးရီးယား၊ စင်ကာပူနိုင်ငံများကလည်း စစ်သင်္ဘောများ၊ ရဟတ်ယာဉ်များ၊ လေယာဉ်ပျံများဖြင့် မြန်မာနိုင်ငံသို့ အစားအစာ၊ အဝတ်အစား၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများပို့ပေးခဲ့သည်။ ဤသည်မှာလည်း လူသားအချင်းချင်း ကိုယ်ချင်းစာနာမှုဖြင့် ရိုင်းပင်းကူညီလိုသော စိတ်ဓာတ်အပြည့်အဝကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

ကူညီရိုင်းပင်းလိုစိတ် မရှိသည့်အတွက် ဆိုးကျိုးဖြစ်ခဲ့ရသည့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုရှိပါသည်။ လွန်ခဲ့သည့် ၂ နှစ်ခန့်က ကျွန်မတို့ တစ်ရပ်ကွက်ကျော်ရှိ ဒေါ်အာကျယ်တို့အိမ်တွင် ဒေါ်အာကျယ်၏သား နှစ်နှစ်အရွယ်သည် ခြင်ဆေးကို ဆော့ရာမှ ဒေါ်အာကျယ်တို့အိမ် မီးလောင်သွားခဲ့ပါသည်။ သို့သော် အနီးဆုံးအိမ်ရှိ ဒေါ်မဲလုံးတို့အိမ် အကူအညီတောင်းရာ တစ်အိမ်နှင့်တစ်အိမ် မတည့်ကြ၊ ရိုင်းပင်းကူညီလိုစိတ်မရှိကြသဖြင့် မီးစွဲရာ တစ်ရပ်ကွက်လုံး မီးလောင်သွားခဲ့ပါသည်။ ကူညီ

mgyoe.com

mgyoe.com


ရိုင်းပင်းလိုစိတ်မရှိကြခြင်းကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ကူညီရိုင်းပင်းစိတ်မရှိခြင်းကြောင့် ဆိုးကျိုးဖြစ်သော သာဓကများထဲမှ 'နွားကွဲလျှင် ကျားကိုက်မည်'ဆိုသည့် မြန်မာစကားပုံအကြောင်း ပြောချင်ပါသည်။ ရိုင်းပင်းကူညီလိုစိတ်မရှိသော နွားများအပေါ် အခွင့်ကောင်းယူ၍ ကျားက နွားအချင်းချင်း မတည့်အောင် ကုန်းချောပြောဆိုကာ နွားများအား စိတ်ဝမ်းကွဲပြား အောင်ပြုလုပ်ကာ ထိုနွားများကို သတ်ဖြတ်စားသောက်ခြင်း ခံလိုက်ရသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ ဤသည်မှာလည်း ရိုင်းပင်းကူညီစိတ် မရှိခြင်း၏ ရလဒ်ပင် ဖြစ်ပါသည်။

သို့ပါ၍ စကြဝဠာကြီး၏ တစ်မိုးအောက်ထဲတွင် မှီတင်းနေထိုင်ကြကုန်သော လောကရှိ သတ္တဝါအားလုံးတို့သည် မိသားစုအချင်းချင်း၊ အိမ်နီးချင်းအချင်းချင်း၊ ကမ္ဘာအချင်းချင်း၊ ကိုယ်ချင်းစာ၊ ရိုင်းပင်းကူညီလိုစိတ် ထားကြကာ အပြန်အလှန် နားလည်မှုများဖြင့် ရိုင်းပင်းကူညီကြပါစို့ဟု စိတ်အားထက်သန်စွာ နှိုးဆော်လိုက်ရပါတော့သည်။

❖

mgyoe.com

mgyoe.com

# နှုတ်ချိုသူ့ချိုတစ်ပါး

- နှုတ်ထွက်စကားချိုသာပြေပြစ်ရန် လိုအပ်ပုံ
- ပေါင်းသင်းဆက်ဆံရေးတွင် နှုတ်ချိုရန်အရေးကြီးပုံ
- နှုတ်ချိုသူကို အများကချစ်ခင်လိုလားကြပုံ
- နှုတ်ချိုခြင်း၏အကျိုးတရားများ
- နှုတ်ကြမ်းခြင်း၏အပြစ်များ
- စကားပုံဆိုရိုးစကား ကိုယ်တွေ့သာဓကများ
- ချိုသာပြေပြစ်မှုသည်

mgyoe.com

mgyoe.com

# နှုတ်ချိုသျှိုတစ်ပါး

ငွန်သိရိထွန်း

လူသည် တစ်ဦးတစ်ယောက်တည်း ရှင်သန်နေထိုင်၍မရပေ။ ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းနှင့် ပြောဆိုဆက်ဆံနေရသည်။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် ပြောတတ်၊ ဆိုတတ်ဖို့လိုအပ်ပေသည်။ ထိုပြောသောစကားသည် ချိုသာပြေပြစ်စေရန် လိုအပ်လှပါသည်။

လူတိုင်းသည် ချိုသာစွာပြောဆိုမှုကို သဘောကျနှစ်သက်ကြသည်။ စကားပြောချိုသာသောသူကို အများကနှစ်သက်ချစ်ခင်ကြသည်။ စကားပြောချိုခြင်းသည် လူမှုဆက်ဆံရေး၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။

စကားဆိုသည်မှာ ပြောဆိုရင်လွယ်သော်လည်း ပြောတတ်ရန်ခက်ခဲလှသည်။ မိမိဆက်ဆံပေါင်းသင်းနေရသော အနေအထားကိုလိုက်၍ စကားပြောတတ်ရန်လိုအပ်ပါသည်။ လူတိုင်းလူတိုင်း စကားပြောနေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုပုံချင်းမတူကြပေ။ အချို့သည်စကားကို ကြမ်းတမ်းစွာပြောတတ်ကြသည်။ အချို့က ချိုသာအေးဆေးစွာ ပြောတတ်ကြသည်။ မိမိနှုတ်မှပြောလိုက်သောစကားကြောင့် လူတို့၏ချစ်ခင်မှု၊ မုန်းတီးမှုစသည်တို့ကို တန်ပြန်ခံစားရတတ်သည်။ တစ်နည်းအားဖြင့် လူတို့၏ချစ်ခြင်း၊ မုန်းခြင်းတို့သည် မိမိပြောဆိုသည့်စကားအပေါ်တွင် မူတည်နေပါသည်။

“မျက်နှာမြင်ချစ်ခင်ပါစေ၊ အသံကြားသနားပါစေ”ဟု လူတို့ကဆုတောင်းလေ့ရှိသည်။ ရုပ်အဆင်းမလှပစေကာမူ သာယာချောင်းစွာ ပြောဆိုတတ်ပါက လူအများက ချစ်ခင်ကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။ အဆင်းအင်္ဂါ လှပသော်လည်း

mgyoe.com

mgyoe.com


အသံမသာယာသောကြောင့် ဟသ်ာငှက်များသည် လူအများ၏ကဲ့ရဲ့မှုကို ခံရသည်။ အဆင်းအင်္ဂါ အကျည်းတန်စေကာမူ အသံသာယာသော ဥဩငှက်ကလေး၏ တေးသံကို လူအများကတောင့်တကြသည်။ အဆင်းလည်းလှ၊ အသံလည်းချိုမြ၍ တင့်တယ်လှပကျက်သရေရှိသော ဥဒေါင်းငှက်ကိုမူ လူတို့က တန်ဖိုးထားလေးစားကာ မြန်မာ့ရိုးရာအထိမ်းအမှတ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ဥဒေါင်းငှက် ကျက်သရေရှိလှပုံကို 'မြန်မာနွယ်၊ ကမ္ဘာ၀ယ်၊ ထင်အလင်းသာပ၊ ဆင်မြင်းဗိုလ်ပါရံလို့မြဲတဒဏ်၊ သီဟာစိုးစဉ်က၊ ဒေါင်းအလံစိုက်ကာ ထိုးကြတယ်၊ ဖိုးထိုက်ပါဘိ'ဟု ဥဒေါင်းငှက်ကို မြတ်နိုးစွာ ထိန်းသိမ်းသတ်မှတ်ခဲ့ကြသည်။ အသံချိုသာသော ဥဒေါင်းငှက်ကို အများကချစ်ခင်ကြသကဲ့သို့ နှုတ်ချိုသူကိုလည်း အများကချစ်ခင်နှစ်သက်ကြသည်။

လောကတွင် ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီးဆက်ဆံရေးတွင်လည်း စကားပြောချိုသာဖို့လိုပေသည်။ လိမ္မာရေးခြားရှိသည့် တပည့်သားသမီးများရှိသကဲ့သို့ မိုက်မဲသည့်တပည့်၊ သားသမီးများလည်း ရှိပါသည်။ လိမ္မာသောသူများကို ပို၍လိမ္မာယဉ်ကျေးလာအောင် မိုက်မဲသူကို လိမ္မာရေးခြားရှိလာအောင် ပြုပြင်ရာတွင် စကားချိုချိုသာသာဖြင့် နားဝင်လာအောင် ပြောမှရပေမည်။ အေးဆေးချိုသာစွာ ပြောဆိုဆုံးမခြင်းဖြင့် လူတော်၊ လူကောင်းများဖြစ်လာအောင် သိမ်းသွင်းကြရမည်။

စကားကိုချိုချိုသာသာပြောခြင်းသည် ကြားရသူ၏စိတ်နှလုံးကို နှစ်သက်မှုပေးနိုင်သကဲ့သို့ မိမိအကျိုးကိုလည်း ဖြည့်ဆည်းပေးနိုင်ကြောင်း သာဓကပြလိုပါသည်။ ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်တွင် ဘုရားလောင်းသူဌေးသားနှင့် မိတ်ဆွေ(၄)ဦးတို့သည် အမဲသားရောင်းသည့် မုဆိုးထံတွင် အမဲတောင်းကြလေသည်။ ထိုမုဆိုးက သူ့အား'မုဆိုး'ဟုခေါ်သူကို အမြီးပိုင်းပေး၍လည်းကောင်း၊ 'အစ်ကိုကြီး'ဟုခေါ်သူကို ကိုယ်သားအားလည်းကောင်း၊ 'အဘ'ဟုခေါ် သူကို နှလုံးနှင့်တကွ အသားကိုလည်းကောင်း၊ 'မိတ်ဆွေ'ဟုခေါ်သောသူကိုလည်းတွင်ပါလာသော အမဲသားအားလုံးကို ပေးလိုက်ပါသည်။ ဤသည်မှာ ချိုသာစွာပြောဆိုသော အကျိုးရလဒ်ကြောင့်ပင် ဖြစ်ပါသည်။

အသိဉာဏ်မြင့်မားသော လူတို့သာမဟုတ်၊ တိရစ္ဆာန်တို့သည်လည်း သာယာသောအသံကို နှစ်သက်ကြကြောင်း ငါးရာ့ငါးဆယ်ဇာတ်တော် နန္ဒိဝိသာလဇာတ်တော်လာ ဘုရားလောင်းနွားမင်းကို ဥပမာပြလိုပါသည်။ နန္ဒိဝိသာလသည် သခင်ပုဏ္ဏားက ကြမ်းတမ်းစွာ ဆဲဆိုစေခိုင်းသောအခါ လှည်းငါးရာတို့ကို မဆွဲဘဲ တင်းခံနေသည်။ ချိုသာစွာချော့မော့ ပြောဆိုစေခိုင်းသည့်အခါမှ လှည်းတို့ကိုဆွဲပေး

mgyoe.com

mgyoe.com


သဖြင့် လောင်းကြေးအနိုင်ရခဲ့ပေသည်။

ချိုသာသောစကားသည် လူတစ်ဦးတစ်ယောက်ချင်းတွင်သာမက နိုင်ငံတကာဆက်ဆံရေးတွင်လည်း အရေးပါလှပါသည်။ ထို့ကြောင့် သံတမန်နည်းလမ်းကိုသာ လိုက်နာကျင့်သုံးနေသည်ကို ကမ္ဘာသိပင်ဖြစ်သည်။ သာဓကတစ်ခုပြရပါလျှင် လွန်ခဲ့သောနှစ်ပေါင်း ၆၆၀ ကျော်ခန့်က မွန်ဂိုဘုရင်ကူဗလိုင်ခန်မင်းကြီး၏ အင်အားကြီးမားသော တရုတ်တပ်များ၊ ပုဂံနေပြည်တော်ကို ဝန်းရံတိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့်မွန်ဂိုတို့နှင့် စစ်ပြေငြိမ်းရန်အတွက် ရှင်ဒိသာပါမောက်ကို ပီကင်းသို့ သံတမန်အဖြစ် စေလွှတ်ခဲ့သည်။ ရှင်ဒိသာပါမောက်၏ စကားပြော လိမ္မာပါးနပ်မှု၊ နှုတ်ချိုမှု၊ သံတမန်ရေးရာ ကျွမ်းကျင်မှုစသည်တို့ကြောင့် တရုတ်–မြန်မာ စစ်ပွဲကြီး တားဆီးခဲ့ကာ တိုင်းပြည်ငြိမ်းချမ်းခဲ့ပေသည်။ ဤသည်မှာ နှုတ်ချိုခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ပါသည်။

မြန်မာစကားပုံတွင် 'ဆိုခဲစေ၊ မြဲစေ' ဟူ၍ရှိပါသည်။ ကတိစကားကို အလွယ်တကူ မပြောမိစေရန်နှင့် ပေးမိသောကတိကို တည်မြဲနိုင်ရန် ကြိုးစားကြရမည်ဟူသော သတိပေးစကားပင်ဖြစ်၏။ 'မင်းမှာသစ္စာ၊လူမှာကတိ'ဟုဆိုလေသည်။ နှုတ်ကတိကို လွယ်လွယ်နှင့်မပေးမိရန်လည်း ဆင်ခြင်ကြရဦးမည်။

စကားကိုချိုသာစွာ ပြောဆိုရမည်ဖြစ်သော်လည်း မုသားစကားကို ပျားသကာဖုံးကာ လှည့်ဖြားပြောဆိုခြင်းကိုမူ လုံးဝရှောင်ကြဉ်ရပေမည်။ 'စကား၊ စကားပြောဖန်များ၊ စကားထဲကဇာတိပြ' စကားပုံရှိပါသည်။ စကားသည် လူတစ်ယောက်၏ ပင်ကိုစရိုက်နှင့် အရည်အသွေးကိုဖော်ပြသော ကိရိယာတစ်ခုပင်ဖြစ်သည်။ လူတစ်ဦး၏ဇာတိရုပ်ကို သူ့စကားက ပီပီပြင်ပြင် ဖော်ပြနိုင်သည်။ 'ထန်းရည်မူးတော့၊ ကျွဲခိုးပေါ်' သလိုဖြစ်၏။ ထို့ကြောင့်စကားကို တည်တည်ကြည်ကြည် လေးနက်စွာပြောရပါမည်။

လောကတွင် ကျင့်ဝတ်စည်းကမ်းများ နေရာတိုင်း၌ ရှိသကဲ့သို့ ပါးစပ်တွင်လည်း ပါးစပ်စည်းကမ်းရှိသည်။ ပြောချင်တိုင်းပြောခွင့်ရှိတိုင်း ပြော၍မဖြစ်ပါ။ 'နှုတ်ကြောင့်ကြေ၊ လက်ကြောင့်သေ'ဟူသော ဆိုရိုးစကားရှိပါသည်။ ထို့ကြောင့် နှုတ်များကို စောင့်စည်းကြဖို့လိုပါသည်။ မဆင်မခြင် မစဉ်းစားဘဲ စည်းလွတ်အောင် မပြောသင့်ပါ။

နှုတ်ကြမ်းသဖြင့် တိုင်းပြည်ဒုက္ခရောက်ခဲ့ရသည်များလည်း ရှိပါသည်။ သရေခေတ္တရာမှ စေလွှတ်လိုက်သော သံတမန်များအပေါ် နှုတ်ထွက်ဆိုးခဲ့မိသည်။ ဗိသနိုးဘုရင်မ၏ တိုင်းပြည်သည် ရာစုအစကတည်း ပျောက်ကွယ်ခဲ့ရသည်။

mgyoe.com

mgyoe.com


မနူဟာသည် ပုဂံသားတို့အပေါ် ကြမ်းတမ်းစွာပြောဆိုမိခဲ့သဖြင့် သက်ထက်ဆုံး အကျဉ်းသားဘဝနှင့် စိတ်ဆင်းရဲခြင်းကြီးစွာ နေထိုင်ခဲ့ရသည်။ ဤသာဓကမှာ ကြမ်းတမ်းစွာပြောဆိုခြင်းကြောင့် ဖြစ်ရသောကြီးမားသည့် ဆိုးကျိုးကြီးကစ်ခုပင် ဖြစ်ပါသည်။

စကားကိုပြေပြေပြစ်ပြစ်ပြောဆိုတတ်ရန် လိုအပ်ပါသည်။ ပြေပြစ်ချောမွေ့ ရည်မွန်ခြင်း၊ သိမ်မွေ့နူးညံ့ချိုသာခြင်းတို့ကြောင့် စီးပွားရေးနယ်ပယ်တွင် အောင်မြင်မှုများလည်း ရရှိစေပေသည်။ ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးသော စီးပွားရေး ကုမ္ပဏီကြီးများ၏ဝါဒကို လေ့လာကြည့်လျှင်လည်း နှုတ်ချိုမှုကို ရတနာကဲ့သို့ တန်ဖိုးထားကြောင်း တွေ့ရပေသည်။ အထက်မှအုပ်ချုပ်သူတို့က ၎င်းတို့ လက်အောက်မှ ဝန်ထမ်းလုပ်သား၊ တပည့်များအား 'နှုတ်ချိုသျှိုတစ်ပါး'ဟူသောစကား ကို အမြဲအစဉ်မပြတ် သတိပေးလေ့ရှိပေသည်။ ထိုသို့ဝန်ထမ်းများ၏ ချိုမြိန်စွာ ပြောဆိုတတ်သော ကျေးဇူးကြောင့်ပင် ကုမ္ပဏီကြီးများမှာ ရောင်းသူဝယ်သူ ရင်းနှီး မြုပ်နှံသူများဖြင့် ကြက်ပျံမကျ စည်ကားကာ နေ့ချင်း၊ ညချင်း တိုးတက်အောင်မြင် ကြီးပွားကြခြင်း ဖြစ်လေသည်။

လူဟူ၍ဖြစ်လာလျှင် အရွယ်ရောက်သောအခါ စကားပြောတတ်စမြဲပင် ဖြစ်၏။ သို့သော် စကားပြောတတ်ရန်လိုသည်။ ပိယဝါစာချိုသာသောစကားကို အမြဲအာဂုံဆောင်တတ်ရပေမည်။ ထို့ကြောင့် နှုတ်ခွန်းချိုသာယဉ်ကျေးမှုကို ကလေး အရွယ်ငယ်စဉ်ကပင် ရယူနိုင်အောင် မိဘနှစ်ပါးက သွန်သင်ဆုံးမပျိုးထောင် ပေးရ ပေမည်။

ထို့ကြောင့် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းလက်လွှဲကာ တာဝန် ယူကြမည့် လူငယ်လူရွယ်များအနေဖြင့် ချိုသာစွာပြောဆိုတတ်ရန် လိုအပ်ပေသည်။ လူငယ်တို့သည် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရာတွင် ရိုင်းပျသောနှုတ်စကား ကို မပြောသင့်ပေ။ အချင်းချင်းပြောဆိုရာတွင် 'ကြီးသူကိုရိုသေ၊ ရွယ်တူကိုဖော်ရွေ၊ ငယ်သူကိုညှာတာစွာ ပြောဆိုသင့်သည်။'

သို့ဖြစ်၍ ကျွန်မတို့သူငယ်တန်းဖတ်စာတွင် သင်ကြားခဲ့ရသော အင်းဝ စာဆို 'ရှင်မဟာရဋ္ဌသာရ' က 'လက်သစ်တောင်တာ'ဆုံးမစာတွင်

"တစ်ယောက်စကား
တစ်ယောက်နားမှာ
မခါးရအောင်
သတိဆောင်၍

mgyoe.com

mgyoe.com


မောင်တို့ဆိုလေ ပျားသကာသို့ချိုလှစေ"

ဟူ၍စကားကို ချိုသာစွာပြောဆိုကြရန် ဆုံးမလမ်းညွှန်ပြထားခဲ့ပါသည်။ ထို့ကြောင့် ကျွန်မတို့သည် လောကလူ့ဘုံကို အလှဆင်ရာတွင် စကားပြောဆိုခြင်းနှင့် ပတ်သက်၍ "နှုတ်ချိုသျှိုတစ်ပါး"ဟူသော ဆိုရိုးစကားလေးကို ထာဝရလက်ကိုင် စွဲမြဲစွာ ထားသင့်သည်ဟု မှတ်ယူမိပါတော့သည်။

❖

mgyoe.com

mgyoe.com

## ကျွန်ုပ်နှစ်သက်သောဂျာနယ်တစ်စောင်

- စာဖတ်ဝါသနာပါပုံ
- ဂျာနယ်ဖတ်ရန် စိတ်ဝင်စားပုံ
- နှစ်သက်သောဂျာနယ်တစ်စောင်
- ပါဝင်သောကဏ္ဍများ
- အဆင်အပြင်
- စိတ်တွင်စွဲထင်နေသော စာတစ်ပုဒ်
- ထိုဂျာနယ်ကိုနှစ်သက်ရသောအကြောင်းများ
- ထိုဂျာနယ်နှင့်မိမိအမြင်

mgyoe.com

mgyoe.com

# ကျွန်ုပ်နှစ်သက်သောဂျာနယ်တစ်စောင်

နှန်းသီရိထွန်း

'ဂျာနယ်'ဟူသော အသုံးအနှုန်းကို ကျွန်ုပ်တို့လူငယ်များ ရင်းနှီးခဲ့ကြသည်မှာ ဆယ်စုနှစ်၏ တစ်ခုမျှတောင်မရှိသေးပေ။ သို့သော်လည်း 'ဂျာနယ်'ကို ယခုခေတ်တွင် လူတိုင်းနီးပါး ရင်းနှီးနေကြပြီဖြစ်ပါသည်။ ကျွန်ုပ်သည်လည်း လူငယ်ပီပီ ခေတ်နှင့်အမီလိုက်နိုင်ရန် စာဖတ်ဝါသနာပါခဲ့သည်။

ကျွန်ုပ်ဖတ်ခဲ့ဖူးသော သတင်းစာ၊ ဂျာနယ်၊ ဝတ္ထု၊ ကာတွန်း၊ မဂ္ဂဇင်းများတို့တွင် ဂျာနယ်ကိုဖတ်ရန် စိတ်ဝင်စားပါသည်။ ကျွန်ုပ်သည် ဂျာနယ်ဖတ်ပြီဆိုလျှင် စွဲစွဲမက်မက် ဖတ်ရှုလေ့လာလေ့ရှိပါသည်။ အချို့ဂျာနယ်များသည် ပညာရပ်နယ်ပယ်တစ်ခုတည်းကို အလေးပေးရေးသားထားသဖြင့် ထိုဘာသာရပ်ကို လေ့လာသူများအနေဖြင့်လည်း အလွန်အဆင်ပြေလှပါသည်။ သို့သော် အနာဂတ်လူငယ်များအတွက် အထွေထွေဗဟုသုတများနှင့် သတင်းဖြစ်ရပ်မျိုးစုံကို ဖော်ပြပေးနိုင်သော ဂျာနယ်မျိုးသည်ကား မရှိမဖြစ်လိုအပ်လှပါသည်။ ထိုသို့ဂျာနယ်မျိုးများရှိသည့်အနက် ကျွန်ုပ်၏စိတ်အာရုံနှင့် နှလုံးသားကို အဆွဲဆောင်နိုင်ဆုံးမှာ "7 Day News" ဂျာနယ်ပင် ဖြစ်ပါသည်။

"၇ ရက်သတင်းဂျာနယ်" ဟုဆိုသည့်အတိုင်း ၇ ရက်တစ်ပတ်အတွင်း ကမ္ဘာ့အရပ်ရပ်ရှိ ဖြစ်ပျက်ခဲ့သော၊ ဖြစ်ပျက်ဆဲဖြစ်သော သတင်းအချက်အလက်များကို မသိလိုက်ရ မရှိလေအောင် စိတ်ဝင်စားဖွယ်ရာ ရောင်စုံဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြထားပါသည်။ "7 Day News" ဂျာနယ်ကို 7 Day Media က ကြာသပတေးနေ့တိုင်း ထုတ်ဝေပါသည်။ "7 Day News" ဂျာနယ်တွင်

mgyoe.com

mgyoe.com


ပါဝင်သော ကဏ္ဍများမှာ ပြည်တွင်း၊ ပြည်ပရှိ ပြည်သူ့အချစ်တော် အနုပညာသည်များ၏ နောက်ဆုံးပေါ်သတင်းများအပြင်၊ အားကစားဝါသနာအိုးများအတွက် နာမည်ကြီး အားကစားသမားများ၏ တစ်ပတ်တာအတွင်း လှုပ်ရှားမှုများကိုလည်း ထိထိမိမိ ဖော်ပြထားပါသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံအသီးသီးမှ သမ္မတနှင့်ထိပ်တန်းအကြီးအကဲများ၏ နိုင်ငံရေးရာသတင်းမျိုးမှအစ မိမိနိုင်ငံအတွင်း မည်သည့်နေရာတွင် မည်သည့်ဆိုင်များ တိုးလာသည့်သတင်းအဆုံး သတင်းအချက်အလက်မှာ အမျိုးပေါင်းစုံလင်လှပါသည်။

ထို့ပြင် "7 Day News" ဂျာနယ်တွင် ရှေးဟောင်းအနုပညာလက်ရာများအကြောင်းကို ဖော်ပြသကဲ့သို့ ရဲဝံ့စွာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့် ထူးချွန်လူသားများအကြောင်းများ ပါဝင်ပါသည်။ ထို့မျှမက ရုပ်ရှင်၊ သီချင်းနှင့် စာပေကိုချစ်သော ပရိသတ်များအတွက် နောက်ဆုံးပေါ်စာပေကောင်းများ၊ သီချင်းစီးရီးများနှင့် ဇာတ်လမ်းမျိုးစုံတို့ကိုလည်း အမြည်းပေးထားပါသည်။ ဟာဒယရွှင်ဆေးတိုက်ကျွေးသော ဟာသကာတွန်းကလေးများကလည်း ဘဝအမောကို ခဏတာပြေပျောက်နိုင်ပါသည်။

ထိုဂျာနယ်၏အပြင်အဆင်မှာ ရှေ့မျက်နှာစာ စာရွက်၏လက်ဝဲဘက် ထိပ်ထောင့်တွင် "7" ဟူသောစာလုံးကို အနီရောင်နှင့် ထင်ရှားစွာရိုက်နှိပ်ထားပြီး "Day News" ကို အပြာရောင်စာလုံးနှင့် တွဲဖက်ထားပါသည်။ ယင်းအပေါ်တွင် "၇ ရက် သတင်းဂျာနယ်"ဟူသော စာတန်းကို အစိမ်းရောင်နှင့် ရေးထိုးထားပါသည်။ ထို့ပြင် အင်တာနက်မှ ဖတ်ရှုနိုင်ရန် အီးမေးလ်လိပ်စာကိုလည်း '7 Day'၏ အောက်ခြေတွင် ဖော်ပြပေးထားပါသည်။ ထို့ပြင် သတင်းထူးများ၏ အနီရောင်မျဉ်းတန်းအောက်ခြေတွင် ရောင်စုံဓာတ်ပုံများနှင့် အညွှန်းစာမျက်နှာပါတွဲ၍ ဖော်ပြပြီး ဆွဲဆောင်အားကို မြှင့်တင်ပေးထားပါသည်။

"7 Day News" ဂျာနယ်သည် အင်တာနက်နှင့် ဆက်သွယ်ရေးဂြိုဟ်တုမှ လွှင့်သောသတင်းများကိုလည်း တင်ပြပေးထားသဖြင့် အိမ်တွင်ဂြိုဟ်တုဖမ်းစက် (စလောင်း) မရှိသူအများစုအတွက် အလွန်ပင်အဆင်ပြေလှပါသည်။ ဂြိုဟ်တုဖမ်းစက်ရှိသူများအတွက်လည်း လိုင်းပေါင်းစုံမှ နိုင်ငံတကာသတင်းအစီအစဉ်များကို အချိန်သက်သက်ပေး၍ စောင့်ကြည့်ရသည့်ဒုက္ခမှလည်း ကင်းဝေးသွားစေပါသည်။

အင်တာနက်ရော၊ စလောင်းပါ မရှိသဖြင့် ယခင်ကကျွန်ုပ်သည် သူငယ်ချင်းများပြောပြသော သတင်းအဆန်းများကို ပါးစပ်အဟောင်းသားလေးဖြင့် နားထောင်

mgyoe.com

mgyoe.com


ခဲ့ရပါသည်။ ယခုအခါ ကျွန်ုပ်တွင် "7 Day News" ဂျာနယ်လို အားကိုးကောင်း ရှိသောကြောင့် သတင်းဦး၊ သတင်းထူးများကို ဦးစွာသိခွင့်ရပြီး သူတို့မသိသေးသည့် အကြောင်းအရာများကိုပင် ကျွန်ုပ်က ဦးစွာ ပြောပြနိုင်ပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် သူငယ်ချင်းများနှင့် ရင်ပေါင်တန်း၍ ကမ္ဘာအရပ်ရပ်နှင့် မိမိတိုင်းပြည်အနံ့တွင် ဖြစ်ပျက်နေသော သတင်းများကို ဆွေးနွေးပြောဆိုနိုင်ရန် တစ်ပတ်တစ်ခါ "၇ ရက် သတင်း" ဂျာနယ်ထွက်မည့်နေ့ကိုသာ စောင့်မျှော်နေရပါသည်။

"အစာလည်းဆေး၊ ဆေးလည်းအစာ" ဟုဆိုသည့်အတိုင်း "7 Day News" ဂျာနယ်တွင် အစာအာဟာရနှင့် ပတ်သက်၍ အသစ်ဖွင့်သော စားသောက်ဆိုင်များမှ ဟင်းလျာများကို မရိုးအောင် တင်ဆက်ပေးထားပါသည်။ အစားအသောက် အသစ်ဆန်းများကို စမ်းစားကြည့်ရန် ဝါသနာပါသော ကျွန်ုပ်သည် ထိုဟင်းအမည်များကိုကြည့်၍ သွားရည်ယိုရသည်မှာ အကြိမ်ပေါင်းမနည်းတော့ပေ။ ထို့ပြင် ထိုစားသောက်ဆိုင်များ၏ ဖုန်းနံပါတ်များနှင့် လိပ်စာကိုပါ ထည့်သွင်းဖော်ပြထားသဖြင့် အလွယ်တကူ သွားရောက်စားသောက်နိုင်ပါသေးသည်။

ထို့ပြင် ဂျာနယ်တွင် ဖော်ပြထားသည့် တံဆိပ်မျိုးစုံ နောက်ဆုံးပေါ် စွဲမက်ဖွယ် အင်္ကျီဒီဇိုင်းဆန်းဆန်းကလေးများကလည်း နှစ်သက်မြတ်နိုးသူတို့အတွက် အဆင်ပြေလှသကဲ့သို့ မျက်စိပသာဒလည်း ဖြစ်စေပါသည်။

ထို့ပြင် သိပ္ပံနှင့်နည်းပညာ၏ အခြေခံများဖြစ်သော "သတ္တုရည်ဖြစ်တဲ့ ပြဒါးကို ဘယ်လိုကိုင်တွယ်သလဲ"၊ "ဒေါ်လာသင်္ကေတကို ဘယ်လိုသတ်မှတ်ခဲ့တာလဲ"စသော အကြောင်းအရာများနှင့် သတ္တုအားလုံးထဲတွင် ဗနေဒီယမ်သတ္တုသည် အမာဆုံး၊ အရှားပါးဆုံး၊ ဈေးအကြီးဆုံးဖြစ်ကြောင်းနှင့် ဖော့(ခေါ်)ရေပေါ်တွင် ပေါ်နိုင်သောဝတ္ထုကို အမြဲစိမ်းသစ်ပင်ဖြစ်သော ဖော့ဘက်သစ်ချပင်၏ အပြင်ဘက်ဆုံးသစ်ခေါက်မှ ရရှိကြောင်းတို့ကိုပါ ဗဟုသုတအဖြစ် စိတ်တွင်စွဲထင်နေသော အကြောင်းများပင် ဖြစ်ပါသည်။

"7 Day News" ဂျာနယ်အကြောင်းကို မိတ်ဆက်ပေးရမည်ဆိုလျှင် ရေး၍၊ ပြော၍ဆုံးနိုင်မည် မထင်ပါ။ ကျွန်ုပ်၏စိတ်ကို ဆွဲဆောင်နိုင်သော ကျွန်ုပ်၏ အသိဉာဏ်ကို အလင်းဆောင်သော၊ ကျွန်ုပ်အနှစ်သက်ဆုံးဂျာနယ်ကား "7 Day News" ဂျာနယ်ခေါ် "၇ ရက်သတင်း" ဂျာနယ်ပင် ဖြစ်ပါတော့သည်။

❖

mgyoe.com

mgyoe.com

# လပြည့်ညတစ်ည

- အမှတ်တရဖြစ်ရသောလပြည့်ည
- လမင်းကြီးနှင့်ကောင်းကင်မြင်ကွင်း
- ပတ်ဝန်းကျင်မြင်ကွင်းများ
- လရောင်ပက်ဖျန်းထား၍ကြည်နူးဖွယ်ကောင်းပုံ
- လူကြီးများဝိုင်းဖွဲ့စကားပြောနေကြပုံ
- ကလေးများကစားနေကြပုံ
- လူအများသွားလာလှုပ်ရှားနေကြပုံ
- လပြည့်နေ့အကြောင်း စာပေအရေးအဖွဲ့များကို သတိရပုံ
- သာယာမှုကိုခံစားရင်းအိပ်ရာဝင်ပုံ

mgyoe.com

mgyoe.com

# လပြည့်ညတစ်ည

သင့်မြတ်စိုး

ကျွန်တော်သည် ညနေခင်းတစ်ခုတွင် အိမ်စာများလုပ်ပြီးသွားချိန်၌ အိမ်ပြင်သို့ထွက်၍ ဒန်းပေါ်တွင်ထိုင်၍ ကောင်းကင်ကြီးကို ကြည့်လိုက်သောအခါတွင် ငွေစန္ဒာလမင်းကြီးအား နေမဝင်ခင်ကပင် မြင်နေရပါသည်။ လိမ္မော်ရောင်သမ်းနေသော ညနေဆည်းဆာချိန်တွင် တောက်ပမှုမရှိသေးသောလမင်းသည် ဂွမ်းဖြူဖြူလုံးလေးနှင့် တူလှသည်။ ထိုမှတစ်ဆင့် နေမင်းကြီးသည် တရွေ့ရွေ့အိမ်၏ အနောက်ဘက်ကုန်းမြင့်လေးပေါ်သို့ ငုပ်လျှိုးဝင်ရောက်ကာ ပျောက်ကွယ်သွားပါတော့သည်။

ထို့နောက် ငွေစန္ဒာလမင်း ထွက်ပေါ်လာကာ ကောင်းကင်ပြင်သည် တိမ်များကင်းစင်ပြီး ဖြူဖွေးလှပသည့် ငွေစန္ဒာလမင်းကြီးအဖြစ် ပြည့်ရွှန်းတောက်ပလာသည်။ ထိုလရောင်ရွှန်းပ ညတစ်ညသည်ကား တန်ဆောင်မုန်းလပြည့်နေ့ပင်ဖြစ်ကြောင်း အတွေးထဲသို့ဝင်ရောက်လာပြီး လပြည့်နေ့ဖြစ်သည့်အတွက် လမင်းကြီးသည် ပန်းကန်ပြားတစ်ချပ်တွင် နွားနို့များထည့်ထားသည့်အလား ဖြူဖွေးအိကာရွှန်းရွှန်း စိုစိုလျက်ရှိပါသည်။ ထိုတန်ဆောင်မုန်းလပြည့်နေ့မှာ ကျွန်တော့်အတွက် အလွန် အမှတ်တရဖြစ်ခဲ့သော နေ့တစ်နေ့ပင် ဖြစ်ခဲ့ပါသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှန်းလဲ့တောက်ပနေသော ရွှေလရောင်သည် ကျွန်တော်တို့၏ မြို့ကလေးပေါ်သို့ လွှမ်းခြုံထားပါသည်။ အိမ်ကြိုအိမ်ကြားနှင့် သစ်ပင်ရိပ်များတွင် ရွှေလရောင်သည် ကျိုးတိုးကျဲတဲကျရောက်နေပါသည်။ ပတ်ဝန်းကျင်ရှိသစ်ပင်၊ ပန်းပင်များ၊ အုန်းပင်များ၏ အရွက်များသည် လရောင်ဟပ်ကာ မြစိမ်းရင့်ရောင်တွင် ရွှေနားကွပ်ထားသကဲ့သို့ တောက်ပြောင်လှပနေပါ

mgyoe.com

mgyoe.com

သည်။ သဘာဝ ရွှေလရောင်ဖြင့် သာယာနေမှုကြောင့် ကျွန်တော့်အိမ်ပတ်ဝန်းကျင်ရှိ ပန်းရနံ့လေးများသည် ယခင်ကထက်ပို၍ မွှေးပျံ့သင်းကြိုင်နေသည်ကိုလည်း သတိပြုမိပါသည်။

ငွေစန္ဒာလမင်းကြီးသည် ရွှန်းရွှန်းလဲ့လဲ့သာလာ၏။ ကြယ်လေးများသည်လည်း မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေကြသည်။ မိုးပြာပြာတွင် စိန်ပွင့်များ ဖြန့်ကြဲထားသည်နှင့် တူလှသည်။ နှင်းရည်လောင်းစ ဆောင်းဦးကာလဖြစ်သော ကြောင့် လရောင်တန်းတွင် နှင်းရည်ဆမ်းကာလ လပြည့်ညသည် လှချင်တိုင်းလှနေ တော့သည်။ လရောင်သည် နှင်းမှုန်ကလေးများကို ထိုးဖောက်၍ မြေပြင်ကိုငွေရောင် ဖြူးလျက်ရှိတော့သည်။ ကြယ်ကလေးများသည်လည်း လူ့လောကကို မျက်တောင် ကလေးများ ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်နေကြသည်။ လတွင်ဆန်ဖွပ်နေသည့် အဘိုးအိုနှင့် ဝပ်နေသောယုန်ကလေးကိုလည်း ခပ်မှုန်မှုန်တွေ့မြင်ရသေးသည်။

ထို့အပြင် ကျွန်တော်၏အိမ် အနောက်ဘက် ခပ်လှမ်းလှမ်းရှိ စမ်းချောင်း ကလေးဆီမှ စမ်းရေစီးသံ တသွင်သွင်ကိုလည်း ကြားနေရပါသည်။ ရွှေလရောင် သည် ကြည်လင်အေးမြနေသော ရေမျက်နှာပြင်ပေါ်သို့ တိုက်ရိုက်ကျရောက်နေပါ သည်။ ထို့ကြောင့် လှိုင်းပုတ်နေသောနေရာများတွင် လှိုင်းလုံးလေးများသည် ကြည့်ရှု၍မငြီးနိုင်အောင် ဖွေးဖွေးပြောင်ပြောင် လှပနေပါသည်။ လှိုင်းကြက်ခွပ်လေး များသည် စီးဆင်းနေသော စမ်းရေအလျဉ်တွင် တရိပ်ရိပ်ပြေးလွှားနေကြပါသည်။ ညင်သာစွာ စီးဆင်းနေသော နေရာများတွင်မူ ရေမျက်နှာပြင်သည် ပိုက်ကွန်ရစ်ထား သကဲ့သို့ ယှက်ဖြာနေပါသည်။ ထိုသို့လရောင်ပက်ဖျန်းထားသည်မှာ အလွန် ကြည်နူးဖွယ် ကောင်းလှပါသည်။

အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ရာတွင် မြတ်စွာဘုရား၏ဓာတ်တော်၊ မွေတော်တို့ကို ဌာပနာထားသော စေတီဘုရားများကို ဖူးတွေ့ရသည်မှာ အလွန်ပင် သပ္ပာယ်လှကြောင်း သိရှိရပါသည်။ ဘုရားစေတီများသည် ရွှေချထားသဖြင့် လရောင်အောက် တပြောင်ပြောင် တလက်လက်သပ္ပာယ်လျက် တည်နေပုံမှာ ကြည်ညိုဖွယ်ကောင်းလှပါသည်။

ရပ်ကွက်အတွင်းမှ သက်ကြီးရွယ်အို အဘိုး၊ အဘွားများ၏ ဘုရားရှိခိုးသံ၊ အမျှဝေသံ၊ မေတ္တာပို့သံတို့သည် ကြေးစည်ထုသံနှင့်အတူ ချိုလွင်သာယာ ငြိမ့် ညောင်းစွာဖြင့် ပျံ့လွင့်လာပါသည်။ ထို့အပြင် မိုးပေါ်မှ ရွှန်းလက်တောက်ပနေသော ရွှေလရောင်၏ အေးချမ်းမှုကလည်း အလွန်ပင်ချမ်းမြေ့ကြည်နူးစရာ ကောင်းလှပါ သည်။

mgyoe.com

mgyoe.com

ရွှေရောင်ဆမ်းထားသော တန်ဆောင်မုန်းလပြည့်နေ့ညသည် ဥပုသ်နေ့လည်းဖြစ်၍ ရွှေလရောင်ဆမ်းထားသဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံးသည် အလွန်ပင် သာယာလှပနေကြပါသည်။ ကျွန်တော်တို့မိသားစုသည် တန်ဆောင်မုန်းလပြည့်ညတွင် နိဗ္ဗာန်ဈေးပွဲတော်၌ ပါဝင်ဆင်နွှဲပြီး မုန့်ထုပ်ကလေးများကိုလည်း ကလေးများကို ဝေပေးကာ ကောင်းမှုကုသိုလ်ပြုလုပ်ခဲ့ကြပါသည်။

ရွှေလရောင်ရွှန်းလဲ့တောက်ပ ဝင်းပနေချိန်တွင် လူကြီးများသည်စုဖွဲ့ကာ ရပ်ကွက်ဓမ္မာရုံ၌ စကားစမြည်ပြောဆိုနေကြပါသည်။ အလယ်တွင်ချထားသော စားပွဲပေါ်ရှိ ရေနွေးကြမ်းကိုသောက်လိုက် လက်ဖက်သုပ်ကိုစားလိုက်ဖြင့် ပွဲကျနေသည်။ တရားဓမ္မအကြောင်း ဆွေးနွေးနေကြသည်ကိုလည်း ပီပြင်စွာကြားနေရသည်။ ထို့အပြင် ရပ်ကွက်အတွင်းရှိ သာရေး၊ နာရေးကိစ္စများ၊ ရပ်ရေး၊ ရွာရေး အကြောင်းများ၊ သားရေးသမီးရေးအကြောင်းများ၊ စီးပွားရေးအကြောင်းများကို စိတ်ပါလက်ပါ ဆွေးနွေးတိုင်ပင်ကြသည့်အတွက် စကားဝိုင်းမှာ ဆူဆူညံညံ စိုစို ပြည်ပြည် စည်စည်ကားကားရှိလှပေသည်။

လပြည့်ညဖြစ်၍ လရောင်ခြည်အောက်တွင် ကလေးများပျော်ရွှင်မြူးထူး ပြေးလွှားဆော့ကစားနေကြသည်။ ကလေးအချို့မှာ ထုပ်ဆီးတိုးကစားနည်းကို ပျော်ရွှင်စွာကစားနေပြီး အချို့မှာလည်း စကားထာဝှက်တမ်း ကစားနေကြသည်ကို ပျော်ရွှင်စွာတွေ့မြင်နေရသည်။ ကလေးအချို့မှာ ဝိုင်းဖွဲ့၍စကားစမြည် ပြောနေကြမှာ လည်း စိတ်ဝင်စားဖို့ကောင်းလှပါသည်။

ကလေးများနှင့်လူကြီးများသည် လရောင်အောက်တွင်စုဖွဲ့ကာ စကားပြော၍ ပွဲကျနေသကဲ့သို့ အခြားလူများသည်လည်း ပျော်ရွှင်စွာနိဗ္ဗာန်ဈေးပွဲတော်ကို ဆင်နွှဲနေကြသည်မှာ ဆူဆူညံညံ စည်စည်ကားကား ဖြစ်နေပါသည်။ လူအားလုံးမှာ အလွန်ကြည်နူးနေကြပါသည်။

ကျွန်တော်တို့သည် ထိုသို့လူများ၏ သွားလာလှုပ်ရှားမှုနှင့် ရွှေရောင် သာယာလှပပုံကို ငေးမောကြည့်ရှုနေရင်း လပြည့်နေ့အကြောင်း စာပေရေးသားကြပုံများကို သတိရအတွေးဝင်လာပါသည်။ 'အချိန်ရှိခိုက်၊ လုံ့လစိုက်ကာ၊ လသာတုန်း ဗိုင်းငင်' ဆိုသောစကားပုံကိုလည်း အတွေးထဲဝင်လာပါသည်။ ထို့အပြင် ကဗျာဆရာနှယ်စိုး၏

"လမင်းဖွေးဖွေး၊ ဘော်ငွေသွေးလည်း
လျှံအေးကြည်မြ၊ ကြည်တစ်ည
စေတီကွေးကွေး၊ မြတ်ရှင်ထွေးလည်း

mgyoe.com

mgyoe.com


ငြိမ်းအေးသာစွ၊ ဤသည်ည"
ဟူသော ကဗျာကို သတိရမိပါသည်။

ကျွန်တော်သည် ညဦးနက်၍ အိပ်ရာဝင်ခဲ့သော်လည်း အိပ်မပျော်နိုင်သေးပါ။ လရောင်ရွှန်းလဲ့တောက်ပသော ညတစ်ညတွင် ကျွန်တော့်စိတ်အစဉ်ကို ပျော်ရွှင်ကြည်နူးဖွယ် ကုန်ဆုံးစေခဲ့ပါသည်။ ထိုလရောင်ရွှန်းပသော လပြည့်ည တစ်ည တန်ဆောင်မုန်းလပြည့်နေ့ကား ကျွန်တော်၏စိတ်တွင် ဘယ်သောအခါမှ မေ့ပျောက်နိုင်မည်မဟုတ်ကြောင်း တွေးတောရင်း အိပ်စက်အနားယူခဲ့ပါသည်။

❖

mgyoe.com

mgyoe.com

# ဆရာ့ကျေးဇူး

- ပညာသင်ပေးသည့် ဆရာ့ကျေးဇူးကြီးမားပုံ
- ဆရာ့ကျေးဇူးကြောင့် တပည့်များပညာတတ်ပြီး အသိအလိမ္မာတိုးပွားရပုံ
- ဘဝမှာ တိုးတက်ကြီးပွားရပုံ
- ဆရာ့ကျေးဇူးကို ဖော်ပြသောစာတွေ့သာဓကများ
- မိမိကိုယ်တွေ့သာဓကများ
- ဆရာ့ကျေးဇူးကို အမြဲအောက်မေ့သတိရသင့်ပုံ

mgyoe.com

mgyoe.com

# ဆရာ့ကျေးဇူး

သင့်မြတ်စိုး

"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်
နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း
ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍
ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူသော"

ဟူ၍ မန်လည်ဆရာတော်ဘုရား ရေးသားခဲ့သည်နှင့်အညီ မေတ္တာ၊ ကရုဏာရှေ့ထားကာ အပြစ်မြင်သော်လည်း အပြစ်မတင် ဝမ်းတွင်း၌ ရန်ငြိုးထားခြင်းမရှိ၊ ပကတိဟုတ်တိုင်း ဟုတ်မှန်ရန်ကိုသာ ဆိုတတ်၍ မိမိတပည့်များ၏ ကောင်းကျိုးကို လိုလား၊ မှန်ကန်သောလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဆုံးမတတ်သူမှာ ကျေးဇူးရှင်မြတ်ဆရာများပင် ဖြစ်သည်။

ဆရာကား မသိတတ် မလိမ္မာသူတို့ကိုလည်း မိမိ၏ရင်နှစ်သည်းချာ သဖွယ် စိတ်ဝယ်ထားကာ မသိ၊ မတတ်၊ မလိမ္မာသူများကို သိတတ်လိမ္မာအောင် ကိုယ် နှုတ် နှလုံးသုံးပါးစလုံးဖြင့် သင်ကြားပြသပေးသူသာလျှင် ဖြစ်၏။ လောကကြီးအကြောင်း သိသင့်သိထိုက်သော ဝိဇ္ဇာ၊ သိပ္ပံအတတ်ပညာများကို ဆုံးခန်းတိုင်အောင် တတ်မြောက်ရန် ဆရာ၊ ဆရာမတို့ မေတ္တာ၊ စေတနာအပြည့်အဝဖြင့် သင်ကြားပြသပေးသည်။ ထို့အပြင် အမြင်မတော်သည်ကိုတွေ့လျှင်လည်း အကျိုးအကြောင်းရှင်းပြကာ ချော့၍တစ်မျိုး၊ ခြောက်၍တစ်ဖုံ လိမ္မာယဉ်ကျေးသော လူတော်လူကောင်း တပည့်လိမ္မာများ၊ တိုင်းပြည်၏ သားကောင်းရတနာများ ဖြစ်အောင်လည်း ဆရာများကပင် လမ်းညွှန်ပြသပေးနိုင်ပေသည်။ ထို့ကြောင့် ဆရာ

mgyoe.com

mgyoe.com


များကို စာဆိုရှင်များက မီးတိုင်ကမ်း၍လမ်းပြသူ ဟုဆိုကြပါသည်။

ဆရာများသည် တပည့်များငယ်စဉ်အခါက ပညာရှာရာတွင် လမ်းမှားသို့ မရောက်စေရန်အတွက် မိမိတပည့်များကို အစစအရာရာ သွန်သင်ဆုံးမကြသည်။ အိုးဖုတ်သမားသည် အိုးကောင်းတစ်လုံးရရန်အတွက် မိမိအိုးကို နာနာရိုက်ကြသကဲ့သို့၊ ကြိုးကျစ်သမားသည် ကြိုးကိုပိုမိုခိုင်မာစေရန် နာနာကျစ်ရသကဲ့သို့ မိမိတို့၏ တပည့်များ လူတော်လူကောင်းများ ဖြစ်လာစေရန်အတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာဖြင့် တပည့်တို့ကို သင်ကြားပြသပေးပါသည်။

ထင်ရှားကျော်ကြားသည့် အသိပညာရှင်၊ အတတ်ပညာရှင်မည်သူမဆို သူတို့၏ ဘဝလမ်းကြောင်းအစတွင် ကွဲကူလက်လှည့်ဆရာ၏ ကျေးဇူးတရားသည်ကား အလွန်ကြီးမားလှသည်သာ ဖြစ်ပေသည်။ ပညာရှင်တန်ခိုးရှင် စည်းစိမ်ဥစ္စာတို့၏ အရှင်သခင် ဖြစ်လင့်ကစား ဆရာ၏ပညာပေးညွှန်ပြ ဆုံးမမှုမပါဘဲ အောင်မြင်မှု မရနိုင်ပေ။ တပည့် ကျောင်းသားတို့၏ဘဝသည် အောင်မြင်မှုသရဖူ အဆင့်ဆင့် ဆောင်းနိုင်သော်လည်း ဆရာတို့၏ဘဝမှာမူ တိုးတက်မှုအဆင့်နည်းပါးကြသည်။ သို့ရာတွင် တပည့်များကို ပညာပေးရသည့်အတွက် ပီတိဝေဖြာကြသည်မှာ ဆရာတိုင်း၏ဓမ္မတာပင်ဖြစ်သည်။ ဆရာတို့သည် အပွန်းအပဲ့ခံ၍ စားများကိုထက်သောစားသွေးကျောက်နှင့်တူသည်။ ထို့အပြင် အလောင်အကျွမ်းခံ၍ အလင်းပေးသည့် ဖယောင်းတိုင်နှင့်လည်းတူသည်။

"လက်ဦးဆရာ၊ မည်ထိုက်စွာ
ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဟူ၍ ဆရာများကို မိဘနှင့်တန်းတူထားသည်။ မိဘများသည် သားသမီးများကို ကျောင်းကဆရာများကဲ့သို့ စနစ်တကျ ညွှန်ကြားမပြနိုင်ပေ။ မိဘများသည်လူဖြစ်အောင် ကျွေးမွေးသောကျေးဇူးရှင်များ ဖြစ်သကဲ့သို့ ဆရာများသည်လည်း အသိပညာ၊ အတတ်ပညာကို သင်ကြားပေးသော ကျေးဇူးရှင်များ ဖြစ်ကြပေသည်။

လောကတွင် ဆရာ့ကျေးဇူးနှင့်ပတ်သက်၍ သာဓကပေါင်းများစွာ ရှိပါသည်။ ဗိမ္ဗိသာရမင်းကြီး၏သားတော်ဖြစ်သော အဇာတသတ်နှင့် မွေးစားသားတို့မှာ ဆရာရွေးချယ်ရာ၌ အဇာတသတ်မှာ ဆရာဆိုးကို ရွေးချယ်မိခြင်းကြောင့် အဝီစိလားရလေသည်။ ဇီဝကမှာမူ ဆရာကောင်းနှင့်တွေ့ပြီး ဆေးအရာ၌ဧတဒဂ်ရာထူးကို ရလေသည်။ ထို့အပြင် ဘုရားလက်ထက်တွင် အင်္ဂုလိမာလသည် ဆရာတုနှင့် ပေါင်းမိ၍ မကောင်းမှုတို့ကို ကျူးလွန်မိခဲ့သည်။ ဒေဝဒတ်မှာလည်း ဆရာမစစ်၍အဇာတသတ်ခမျာ အပါယ်နစ်ရချေပြီမဟုတ်ပါလော။ ထို့အပြင်

mgyoe.com

mgyoe.com


ဘုရားလောင်းသည် သံဝရမင်းသားကို ဆရာကောင်းပီသစွာ ညွှန်ပြသနိုင်မှုကြောင့် ဗာရာဏသီထီးနန်းကို သံဝရမင်းသားဆက်ဆံခွင့် ရခဲ့သည်။ 'ဆရာကောင်းတပည့်၊ ပန်းကောင်းပန်'ဟူ၍ ဆိုရပေမည်။

ဆရာကိုပြစ်မှားမိပါက ဒုက္ခရောက်တတ်ပေသည်။ "ဆရာကာပြစ်၊ အာခေါင် လုံ့စူး'ဟူသော စကားပုံမှာ ဆရာ့ကျေးဇူးကိုကန်းမိ၍ အာခေါင်လုံ့စူးပြီး ဒုက္ခရောက်ကာ သေပွဲဝင်ရခြင်းကို ဆိုခြင်းပင်ဖြစ်သည်။ ဆရာကို စော်ကားမိပါက အဝိစိငရဲ၌ အဆိုးရွားဆုံး ဒုက္ခများကို ခံစားကြရပေမည်။

ဆရာများသည် တပည့်များကို အနစ်နာခံ၍ ဆရာ့ဝတ္တရားငါးပါးနှင့်အညီ သင်ကြားပေးခဲ့ကြသည်သာ ဖြစ်ပြီး ဆရာ့ဝတ္တရားငါးပါးရှိလေသည်။ ယင်းတို့မှာ

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ဖို့၊ ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ"ဟူ၍ဖြစ်သည်။

ဤသို့ ဆရာများ၏ကျေးဇူးကို တပည့်ဝတ်ငါးဖြာဖြင့် တပည့်တို့က ပြန်လည်ကျေးဇူးဆပ်သင့်ပါသည်ဟု ထင်ပါသည်။ တပည့်ဝတ်များသည်ကား "ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်ထွေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ" ဟူ၍ဖြစ်လေသည်။

ဆရာများ၏ကျေးဇူးသည် မြင်းမိုရ်တောင်ကြီးမက ကြီးမားလှပါသည်။ မျက်စိနှစ်ကွင်း အလင်းမရသူများကို အလင်းရောင်များပေးသကဲ့သို့ လမ်းလျှောက်နေသူများကို ပညာတည်းဟူသော အလင်းရောင်လမ်းပြသူများလည်း ဖြစ်ပေသည်။ ထိုလမ်းပြဆရာများ၏ကျေးဇူးသည် လွန်စွာကြီးမား၍ ဆရာများ၏ကျေးဇူးကို မမေ့သင့်ပါ။ တပည့်တို့၏လမ်းပြကြယ်မှာ မြတ်ဆရာများပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါပေသည်။

❖

mgyoe.com

mgyoe.com

# လေ့လာရေးခရီးတစ်ခေါက်

- ခရီးသွားခြင်းအပေါ် စိတ်ဝင်စားပုံ
- ကျောင်းအားရက်တွင် လေ့လာရေးထွက်ရန် စိတ်ဝင်စားပုံ
- ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပုံ
- တစ်စိတ်တစ်ဝမ်းတည်းတည်ရှိကြ၍ ပျော်စရာကောင်းပုံ
- အချင်းချင်းရင်းနှီးချစ်ကြည်မှုရပုံ
- ဗဟုသုတ
- မမေ့နိုင်သောခရီး

mgyoe.com

mgyoe.com

# လှေလှော်ရေးခရီးတစ်ခေါက်

သင့်မြတ်စိုး

ကျွန်တော်သည် ယနေ့အထိ ခရီးများ မထွက်ခဲ့ဖူးပါ။ ထို့ကြောင့် ကျွန်တော်၏ ပထမဆုံးခရီးကို လှေလှော်ရေးခရီးကဲ့သို့ ယူဆ၍ရေးရပါတော့မည်။ ကျွန်တော်သည် ခရီးသွားခြင်းကို အလွန်ပင်စိတ်ဝင်စားပါသည်။ ကျွန်တော်သည် ငယ်ငယ်ကတည်းက ခရီးများသွားချင်ခဲ့သော်လည်း ကျွန်တော်၏ မိသားစုက ကျွန်တော့်ကို ကျန်းမာရေးမကောင်းသဖြင့် တော်ရုံတန်ရုံခရီးမလွှတ်ခဲ့ပေ။ သို့သော်လည်း ကျွန်တော် အသက်အရွယ်ကြီးလာသောအခါ ကျွန်တော့်ကို လိမ္မာယဉ်ကျေးစေရန်အတွက် ရှင်ဆေကိန္န ယဉ်ကျေးလိမ္မာတရားစခန်းသို့ ပို့လွှတ်ခဲ့ပါသည်။ ထိုခရီးမှာ ကျွန်တော်၏ ပထမဆုံးခရီးဖြစ်သကဲ့သို့ ကျွန်တော့်အတွက်လည်း လှေလှော်ခရီးကဲ့သို့ဖြစ်နေ၍ ရေးသားရခြင်းဖြစ်ပါသည်။

ထိုအချိန်မှာ ကျွန်တော် စတုတ္ထတန်းတွင် ပညာသင်နေသော ကျောင်းသားဖြစ်နေပြီး သီတင်းကျွတ်ကျောင်းပိတ်ရက်လည်းဖြစ်၍ ကျွန်တော်၏ ပထမဆုံးခရီးကို စိတ်ဝင်စားစွာဖြင့် စောင့်စားနေခဲ့ပါသည်။ ကျွန်တော်သည် ခရီးထွက်ရတော့မည်ဖြစ်ခြင်းကြောင့် အလွန်ပျော်နေသဖြင့် ခရီးမထွက်ခင်ညကတည်းကပင် အိပ်၍မပျော်တော့ပါ။ ကျွန်တော်သည် ခရီးမသွားခင် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ခဲ့ပါသည်။

ကျွန်တော်သည် ခရီးထွက်ရတော့မည်ဖြစ်၍ စောင်များ၊ ခေါင်းအုံးများ၊ အိပ်ရာခင်းများကိုထည့်ပြီး သွားတိုက်တံ၊ သွားတိုက်ဆေးစသည်တို့ကို ပြည့်စုံစွာထည့်ကာ ခရီးသွားရတော့မည်ကို တွေးရင်းမောမောပျော်နေမိပါသည်။ ကျွန်တော့်

mgyoe.com

mgyoe.com


၏ လေ့လာရေးခရီးသည် တစ်နည်းအားဖြင့် တရားနှင့်အခြား ဗဟုသုတများ၊ တောတောင်များအကြောင်းကို တစ်ခါတည်း လေ့လာရသောခရီးတစ်ခုလည်း ဖြစ်ခဲ့ပါသည်။

ခရီးထွက်ရမည့်မနက်တွင် နံနက်(၆)နာရီလောက်ထ၍ ယူသွားရမည့် ပစ္စည်းကိုစစ်ဆေးပြီး ကျွန်တော်၏မိဘများနှင့်အတူကားဖြင့် အရှင်ဆေကိန္ဒကျောင်း ရှိရာ မှော်ဘီသို့ထွက်လာကတည်းက ပျော်ရွှင်၍ ကားပေါ်ကလိုက်လာခဲ့ပါသည်။ လမ်းခရီးတစ်လျှောက် တွေ့ရသော ရှုခင်းများမှာ မမေ့နိုင်သောမြင်ကွင်းများ ဖြစ်ခဲ့ပါသည်။ ရန်ကုန်မြို့မှထွက်လိုက်ကတည်းက လယ်ကွင်းများ၊ တဲများ၊ လယ်ကွင်း ထဲရှိ နွားများ၊ ကျွဲများနှင့် သဘာဝရှုခင်းများ၊ စိမ်းလန်းစိုပြည်နေသော သစ်ပင် များနှင့် လန်းဆန်းလတ်ဆတ်သောလေများကို ရှူရှိုက်ခဲ့ရင်း လမ်းတစ်လျှောက်ရှိ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်တွင် မုန့်ဟင်းခါးပူပူလေးကိုလည်း အရသာရှိစွာ စားခဲ့ ရပါသည်။ ထိုအချိန် ဆောင်းဥတုရာသီဖြစ်၍ အေးစိမ့်စိမ့်နှင့် မုန့်ဟင်းခါးလေး စားရင်း ရာသီဥတု၏အရသာကို ချိုမြိန်စွာခံစားခဲ့ရပါသည်။ ဒီလိုနှင့်မုန့်ဟင်းခါး လေးစားပြီး ဆက်၍ ခရီးနှင်ခဲ့ရာ အရှင်ဆေကိန္ဒ၏ တရားစခန်းကြီးသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုသို့ရောက်လာကြသော မိဘများနှင့် ကျွန်တော်နှင့် ရွယ်တူကလေးများမှာ ပြည့်နှက်နေပါသည်။

ထို့နောက် ကျွန်တော်သည် မိဘများကိုနှုတ်ဆက်၍ ကျွန်တော့်ပစ္စည်းများ ကိုကိုင်ကာ ထိုတရားစခန်းက ဘုန်းကြီးများက ကျွန်တော်နေရမည့် ဟောခန်းထဲ သို့သွားရန် လမ်းညွှန်လိုက်ပါသည်။ ထို့နောက် ကျွန်တော်အပေါ်ဆုံးထပ်သို့ မရောက်မီ ကျွန်တော်၏သူငယ်ချင်းများနှင့်တွေ့ပြီး စကားစမြည်ပြောရင်း ဒုတိယ ထပ်သို့ရောက်လာခဲ့ပါသည်။ ထိုဒုတိယမှ အပေါ်ဆုံးအထပ်သို့ မရောက်မီ ကျွန်တော်တို့ကို ဆရာဝန်နှစ်ယောက်က ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီးမှ အပေါ်သို့ တက်လာကြပါသည်။ ထို့နောက် ကျွန်တော်တို့သည် ကိုယ့်အိတ်များ နေရာကိုယ်စီတွင် အထုပ်များနေရာချပြီး အိပ်ရာခင်းကာ အောက်ထပ်သို့ပြန်ဆင်း လာပြီး သူငယ်ချင်းများနှင့် ဆော့ကစားခဲ့ပါသည်။

ထို့နောက် တရားစခန်းမှ ဦးလေးကြီးများက တရားနာရန်အတွက် ကျွန်တော်တို့ကိုလာပြီး ပြောသဖြင့် ကျွန်တော်တို့ တရားစခန်းရှိ ဓမ္မာရုံသို့သွားပြီး ဘုန်းဘုန်းအရှင်ဆေကိန္ဒ၏ တရားများကို နာကြားခဲ့ပြီး အချိန်မှာကုန်၍ ကုန်ဆုံး မှန်းမသိဘဲ ဘုန်းဘုန်း၏တရားတွင် နစ်မျောသွားကာ တဖြည်းဖြည်းနှင့်တရားလည်း ပြီးဆုံးသွားပါသည်။ ကျွန်တော်တို့သွားခဲ့သည့် လေ့လာရေးခရီးမှာ (၃)ရက်ဖြစ်ပါ

mgyoe.com

mgyoe.com


သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ပထမရက်တွင် တရားနာပြီးနောက် ညနေ (၅)နာရီခန့်တွင် ကျွန်တော်တို့ကို ညနေစာကျွေးပြီး သူငယ်ချင်းများနှင့် ရေတူတူချိုးပြီး ဆော့ကစားကာ အိပ်ရာဝင်ခဲ့ကြပါသည်။ ကျွန်တော်သည် ဒုတိယနှင့် တတိယနေ့များတွင် ပို၍ပျော်ခဲ့ပါသည်။ ဒုတိယနေ့တွင် မသိသေးသော တရားဓမ္မစာပေများကို လေ့လာနိုင်ရန်အတွက် သင်ကြားပေးခဲ့သလို တတိယနေ့တွင်လည်း မတွေ့ဖူးသော တော၊ တောင်သဘာဝအလှများကို ရှုစားနိုင်ရန်အတွက် တရားစခန်းအနောက်ဘက်ရှိ တောင်ကြီး၏ အနီးတစ်ဝိုက်ကို လေ့လာခွင့်ရရှိခဲ့ပါသည်။

ထိုသို့ သူငယ်ချင်းများနှင့်အတူ တစ်စိတ်တစ်ဝမ်း အတူတူခရီးထွက်ခဲ့ကြ၍ ကျွန်တော်တို့၏ခရီးမှာ အလွန်ပျော်စရာကောင်းခဲ့ရသို မတွေ့ဖူးသော သူငယ်ချင်းများနှင့်လည်း တွေ့ဆုံရင်းနှီး ချစ်ခင်ခွင့်ရခဲ့သည်မှာလည်း အလွန်ကြည်နူးစရာပင်ဖြစ်ပါသည်။ ဒီလိုနှင့် ကျွန်တော် ပြန်ရမည့်အချိန်သို့ ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော်နှင့် မိဘများက လာကြိုသည်ကိုတွေ့သည်နှင့် ကျွန်တော်၏သူငယ်ချင်းအသစ်နှင့် သူငယ်ချင်းအဟောင်းများကို လက်ပြနှုတ်ဆက်ကာ ထွက်သွားခဲ့ရသည်မှာ အလွန် လွမ်းစရာကောင်းသည်ဟုပင် ထင်မိခဲ့ပါသည်။

ထိုသို့ ကျွန်တော် အရှင်ဆေကိန္ဒတရားစခန်းကို ဝင်လိုက်ရသည့်ကျေးဇူးကြောင့် သူငယ်ချင်းအပေါင်းအသင်းများ ပိုမိုများပြားလာခြင်း၊ မသိသေးသော တရားဓမ္မအကြောင်းအရာနှင့် မည်သို့ယဉ်ကျေးလိမ္မာအောင် ပြုမူနေထိုင်မည်နှင့် တောတောင်သဘာဝရှုခင်းများ၏ အရသာကို ပြည့်ဝစွာ မြင်တွေ့ခံစားရခြင်းစသည့် ဗဟုသုတနှင့် အကျိုးများရရှိခဲ့ပါသည်။

ကျွန်တော်သည် ထိုလေ့လာခရီးလေးကို ထွက်ခဲ့ရ၍ မမေ့နိုင်သောခရီးတစ်ခုဖြစ်ခဲ့ရပါသည်။ ကျွန်တော်အပျော်ရွှင်ဆုံးနှင့် ပထမဆုံး လည်ပတ်ခဲ့ရသော ခရီးလေးတစ်ခုဖြစ်သောကြောင့် ဖြစ်ပါသည်။

❖

mgyoe.com

mgyoe.com

# လုံ့လ

- လုံ့လဟူသည်
- လုံ့လရှိရန်လိုအပ်ပုံ
- လုံ့လရှိခြင်း၏ အကျိုးပြသာဓကများ
- လုံ့လမရှိခြင်း၏ အပြစ်သာဓကများ
- လုံ့လရှိရန် အားထုတ်သင့်ပုံ
- လုံ့လအပေါ် မိမိအမြင်

mgyoe.com

mgyoe.com

# လုံ့လ

**မင်းစစ်ကောင်း**

'လုံ့လ'ဟူသော စကားလုံး၏အနက်သည် 'ကြိုးစားအားထုတ်ခြင်း'ဟု အဓိပ္ပာယ်ရသည်။ မည်သည့်ကိစ္စကိုမဆို လုံ့လဟူသောအရာနှင့်အတူ လျှောက်လှမ်းပါက အောင်မြင်မှုကို မုချရရှိမည်ဖြစ်သည်။ အပင်တစ်ပင် ရှင်သန်ကြီးထွားနိုင်ရန် ရေကိုလိုသည်။ သားကောင်းသမီးကောင်းဖြစ်လာရန် မိဘလိုအပ်သည်။ ထို့ပြင် အောင်မြင်မှုဟူသော အသီးအပွင့်ကို ခံစားလိုပါက လုံ့လတည်းဟူသော အပင်ငယ်လေးကို ပြုစုပျိုးထောင်ပေးရမည်သာ ဖြစ်သည်။

လူသားတိုင်းသည် အောင်မြင်မှုကို ရရှိချင်ကြသည်။ စိတ်ကူးနှင့် ဘာလုပ်မယ်ဆိုတာကို စိတ်ကူးကြည့်ကြသည်။ သို့သော် လက်တွေ့လုပ်လျှင် လုံ့လနှင့်ဖြစ်မြောက်အောင် ဆောင်ရွက်ရန် ဝန်လေးတတ်ကြသည်။ စိတ်ကူးသမား၊ ဖွဲ့မဲ့သမား၊ လုံ့လကင်းသမားတို့သည် ကြာလျှင် စိတ်ပျက်၊ လက်လျှော့သွားတတ်ကြသည်။ အလုပ်လက်စမသတ်နိုင်ဘဲ လမ်းခုလတ်တွင် ရပ်တန့်သွားတတ်သည်။

လုံ့လရှင်တို့ကား ထိုသို့မဟုတ်ပေ။ 'လုံ့လ'တည်းဟူသော တံချူကိုဆွဲယူ၍ အောင်မြင်မှုသရဖူကို ရရှိအောင် မဆုတ်မနစ် ကြိုးစားကြသည်။ ထိုသူတို့သည် အောင်မြင်မှုကို မျှော်မှန်းသလောက် မရရင်တောင် လုံ့လစိုက်ထုတ်ခြင်း၏ အကျိုးကျေးဇူးကို ခံစားရပေသည်။

လူတစ်ယောက်သည် အောင်မြင်မှုကိုရသည်၊ မရသည်ဆိုသည်မှာ ထိုသူ၏ လုံ့လရှိမှုပေါ်တွင် မူတည်သည်။ အောင်ပန်းဟူသောသရဖူကို လုံ့လဟူသော တံချူဖြင့်သာ ချူ၍ရမည်။ အောင်ပွဲ၏နိဒါန်းနှင့် အရှုံးနှင့် နိဂုံးဆိုသည်ကို လုံ့လဟူ

mgyoe.com

သော ဒိုင်လူကြီးကသာ ဆုံးဖြတ်ပေးလိမ့်မည်။

လောကတွင် လူသားတို့သည် မည်သည့်အချိန်တွင်မဆို အခက်အခဲနှင့် အမြဲကြုံတွေ့ရတတ်သည်။ 'ကိစ္စမြားမြောင် လူတို့ဘောင်'ဆိုသည့်အတိုင်း လူသည် အသက်တစ်ရာမျှ မနေရသော်လည်း အမှုတစ်ရာကား ကြုံတွေ့ရတတ်သည်။ ထိုအခါ လူတို့သည် စိတ်ဓာတ်မလျှော့ဘဲ လုံ့လကို အရင်းပြုကာ ကြိုးစားလုပ်ကိုင်သင့်သည်။ 'အကြိမ်တစ်ရာမြောက် ဆုံးရှုံးပြီးလျှင် တစ်ရာ့တစ်ကြိမ်မြောက် ကြိုးစားအားထုတ်ရန် အသင့်ပြင်ထားပါ'ဟု ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူသားတို့အား ဆုံးမမိန့်တော်မူခဲ့လေသည်။

လူ့ဘဝတွင် အရွယ်သုံးပါးရှိပေသည်။ ထိုအရွယ်သုံးပါးအနက် ပထမအရွယ်တွင် ပညာကိုရှာဖွေရမည်။ ဒုတိယအရွယ်တွင် ဥစ္စာကိုရှာဖွေရမည်။ တတိယအရွယ်တွင်း တရားဓမ္မကို ကျင့်ကြံအားထုတ်ရမည်။ ထိုအရွယ်သုံးပါးစလုံးကို သူ့ အရွယ်နှင့်သူ ကျင့်ကြံနိုင်ပါက လူ့ဘဝ၏ ငြိမ်းချမ်းခြင်း၊ သာယာခြင်းကို ခံစားရလိမ့်မည်ဖြစ်သည်။

ဤသို့မဟုတ်ဘဲ ပထမအရွယ်တွင် ပညာကို လုံ့လစိုက်ကာ မရှာဖွေခဲ့ပါက ဒုတိယအရွယ်တွင် ဥစ္စာရှာရာ၌ အခက်အခဲဖြစ်ပေလိမ့်မည်။ ဒုတိယအရွယ် ဥစ္စာရှာချိန်တွင် ဥစ္စာရှာမထားပါက တတိယအရွယ် တရားဓမ္မအားထုတ်ချိန်တွင် စိတ်ညစ်ပြီး အကုသိုလ်ပွားများနေမိလိမ့်မည်။ ထိုသို့ အခက်အခဲများ၊ အကုသိုလ်များကြောင့် ယခု ပစ္စုပ္ပန်ဘဝ၌သာမက နောင်ဘဝအဆက်ဆက်သို့ သယ်သွားရမည်ဖြစ်သည်။ ဤသည်မှာ လုံ့လမစိုက်ထုတ်သောကြောင့် ရသောရလဒ်၊ ဒုက္ခများပင်ဖြစ်သည်။

မည်သည့်အခက်အခဲ ကိစ္စကိုမဆို လုံ့လစိုက်ထုတ်ပြီး ကြိုးစားပါက အောင်မြင်ကြစမြဲပင်ဖြစ်သည်။ ဇဝရက်တောင်ထိပ်ဟုခေါ်အပ်သော ကမ္ဘာ့အမြင့်ဆုံးတောင်ကြီးဖြစ်စေကာမူ လုံ့လရှင်၏ခြေဖဝါးအောက်သို့ ရောက်ရပါတော့သည်။ လှိုင်းလုံးကြီးမည်မျှကြီးစေကာမူ လူသားတို့၏ လုံ့လနှင့်မလျှော့ဘဲ လှော်ခတ်သောကြောင့် လှိုင်းလုံးကြီးသည် လှေအောက်သို့ ရောက်ရှိသွားပါသည်။ ထို့ကြောင့် 'လှိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်'ဆိုသော လုံ့လကို မီးမောင်းပြသော စကားပုံများ ပေါ်လာခြင်းဖြစ်သည်။

ကျွန်ုပ်တို့ပထမတန်း မြန်မာစာဖတ်စာတွင်လည်း ပုရွက်ဆိတ်နှင့် နှံကောင် ပုံပြင်၌ ပုရွက်ဆိတ်သည် ဆောင်းတွင်းအခါ၌ စားရန်အစာကို လုံ့လပြု၍ စုဆောင်းခဲ့သည်။ သို့သော်နှံကောင်မှာမူ ပျော်လိုက်၊ ပါးလိုက်၊ လည်လိုက်၊ စားလိုက်နှင့် လုံ့လအားထုတ်မှုမရှိဘဲ နေထိုင်ခဲ့သည်။ ထို့ကြောင့် ဆောင်းတွင်းသို့ရောက်သော

mgyoe.com